# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မှုရင်းဖြင့်လည်းကောင်း၊ Biometric စနစ်ဖြင့်သော် လည်းကောင်း မှတ်ပုံတင်ခြင်းပြုလုပ်မည့် အစီအစဉ်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ခန္တီးမြို့နှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်း ကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၁၄ |
| ၈ | လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန် ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၉ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့စီမံခန့်ခွဲအကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၄ |
| ၁၀ | လယ်ယာ၊ အိမ်၊ ခြံမြေတို့၏ နယ်နိမိတ်အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၀ |
| ၁၁ | သမဝါယမဦးစီးဌာနဝန်ထမ်းများက သမဝါယမဘဏ်(CB ဘဏ်)တွင် ထည့်ဝင်ထားသော အစုရှယ်ယာ ငွေများအပေါ် နှစ်စဉ်အမြတ်ခွဲဝေပေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်းများ၏ ငွေစုဘဏ်စာရင်းရှိ စုဆောင်းငွေများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့် | ၃၆ |

စပ်လျဉ်းသည့်မေးခွန်း

၁၂ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးဖြတ်ရယူခြင်း ၄၂

၁၃ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေး စနစ်(Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးခြင်း ၄၃

၁၄ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၆

၁၅ ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အဖိုးတန် ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေးလိုအပ်သောနည်းပညာနှင့် အရင်းအနှီး များပံ့ပိုး ပေးမည့် အစီအမံကောင်းများချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၄၈

၁၆ ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၇

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း ၆၂

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

အဌမနေ့ အစီအစဉ်

[ ၆–၈–၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **SIM Card** မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မှုရင်းဖြင့်သော်လည်းကောင်း၊ **Biometric** စနစ်ဖြင့်သော်လည်းကောင်း မှတ်ပုံတင်ခြင်းပြုလုပ်မည့် အစီအစဉ်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်သန်းစိန်၊ ခန္တီး မဲဆန္ဒနယ်၏ ခန္တီးမြို့နှင့် ကျေးရွာအုပ်စု (၉)အုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်း ကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန် ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် အစီအစဉ် ရှိ၊မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့ စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ လယ်ယာ၊ အိမ်၊ ခြံမြေ တို့၏ နယ်နိမိတ်အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ သမဝါယမဦးစီးဌာန ဝန်ထမ်းများက သမဝါယမဘဏ်(CBဘဏ်)တွင် ထည့်ဝင်ထားသော အစုရှယ်ယာငွေများအပေါ် နှစ်စဉ်အမြတ်ခွဲဝေပေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်းများ၏ ငွေစုဘဏ်စာရင်းရှိ စုဆောင်းငွေများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် "အမျိုးသား မှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်က တင်သွင်းသည့် "လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့ နိုင်စေရန် သုတေသနနှင့် တိုးချဲ့ ထုတ်လုပ်ရေးစနစ် (**Research and Extension System**) ပိုမိုအားပေး ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း" အဆိုကို ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်က တင်သွင်းသည့် "မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း" အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ခ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဂ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**အဌမနေ့မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်**

**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန် ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁၅ ရက်၊

(၂) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၄ ရက်၊

မူကြမ်း

(၃) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၄) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊

(၅) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊

(၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၁၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်၊

(၁၁) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၄ ရက်၊

(၁၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၁၃) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၄ ရက်၊

(၁၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၁၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၁၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၈) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၄ ရက်၊

(၁၉) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၄ ရက်၊

(၂၀) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၂၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၂၂) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်၊

(၂၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၂၄) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်နှင့်

(၂၅) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများတွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများအားလုံးကို

မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ တောင်ပေါ်ဒေသများမှာ တာဝါတိုင်များ စိုက်ထူပေးမှု အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများဖြစ်တဲ့ လွယ်မောက်၊ တုံးကြီး၊ ရေပုန်း၊ ခတ်ချယ်၊ လွယ်ယား၊ မိုင်းနင်း၊ နန့်ရှီး၊ ညောင်တောက်၊ မန့်ယွန်းစတဲ့ ရေပုန်းကျေးရွာအုပ်စု ကိုးတောင်နယ်နှင့် ငါးတောင်နယ်ဖြစ်တဲ့ မန်ကောင်ကျေးရွာအုပ်စု တောင်ပေါ်ဒေသတွေမှာ လမ်းကမကောင်း ဆက်သွယ်ရေးကမရ ဖြစ်နေပါတယ်။ ရွာသားများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများဟာ ခက်ခက်ခဲခဲနဲ့ ဆိုင်ကယ်စီးပြီး သွားလာနေရပါတယ်။ မိုးတွင်းဆိုလို့ရှိရင်၊ မိုးများတဲ့ဒေသဆိုလို့ရှိရင် ဆိုင်ကယ်တောင်စီးလို့မရပါဘူး။ ခြေလျင်ခရီးသွားနေရပါတယ်။ တောင်ပေါ်ဒေသတွေမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများဟာ နေမကောင်းထိုင်မသာဖြစ်လို့ မိမိအိမ်နဲ့ဆက်သွယ်လိုတဲ့အခါ များစွာအခက်အခဲ ဖြစ်ရပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်က လေပြင်းတိုက်ခတ်တဲ့အချိန်မှာ အိမ်တွေ၊ ကျောင်းတွေ ပျက်စီးသွားတုန်းကလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်းမရှိပါဘူး။ ဒါဟာဘာလဲဆိုတော့ ဆက်သွယ်ရေးမကောင်းလို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီတောင်ပေါ်ဒေသတွေမှာ ဆက်သွယ်ရေးကောင်းဖို့အတွက် တာဝါတိုင်များစိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်၏ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ် တောင်ပေါ်ဒေသများ ဆက်သွယ်ရေးကောင်းမွန်စေရန် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

ကျွန်တော်ဦးသာဦးက ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်းမှာ ဟော်နန်းရပ်ကွက်၊ ကျောက်တောင်ကျေးရွာ၊ ညောင်ပင်ဖောက်ကျေးရွာ၊ မြစ်ဆုံကျေးရွာအုပ်စု၊ အောင်မြေကျေးရွာ၊ စင့်ကင်ကျေးရွာ၊ ဘော်ဒေကျေးရွာ၊ မိုးဘုံကျေးရွာ၊ ရေတံခွန်ကျေးရွာ၊ သစ်ဆိပ်ကုန်းကျေးရွာ၊ အာသံကျေးရွာ၊ ဒေါင့်ကြီးကျေးရွာ၊ အုန်းဂျောကျေးရွာနှင့် ဗော်ဓိကျေးရွာများမှာ GSM စခန်းတစ်ခုစီနဲ့ စုစုပေါင်း GSM စခန်း ၁၄ ခုကို ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ တယ်လီနောမြန်မာလီမိတက်(Telenor)အနေနဲ့ မိုးမိတ်မြို့နယ်မှာ တောင်ပိုင်းရပ်ကွက်၊ လက်ခုတ်တန်းရပ်ကွက်၊ မြစ်ဆုံကျေးရွာအုပ်စု၊ ဘော်ဒေကျေးရွာ၊ အောင်မြေကျေးရွာ၊ မိုးဘုံကျေးရွာနှင့် ပေကုန်းကျေးရွာတို့မှာ GSM စခန်းတစ်ခုစီနဲ့ စုစုပေါင်း GSM စခန်း ခုနစ်ခု ဖွင့်လှစ်ပြီးတော့ ဆက်သွယ်ရေးဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။ အူရီဒူးမြန်မာလီမိတက်အနေနဲ့ မိုးမိတ်မြို့နယ်အတွင်းမှာတော့ ဟော်နန်းရပ်ကွက်၊ ကျောက်တောင်ကျေးရွာ၊ မြစ်ဆုံကျေးရွာအုပ်စုနဲ့ ဘော်ဒေကျေးရွာတို့မှာ GSM စခန်းတစ်ခုစီ စုစုပေါင်း GSM စခန်းလေးခု ဖွင့်လှစ်ထားရှိပြီးတော့ ဝန်ဆောင်မှုများပေးလျက် ရှိပါတယ်။ ထို့အတူ Telecom International Myanmar(MyTel)အနေနဲ့လည်း မိုးမိတ်မြို့နယ်အတွင်းမှာ တောင်ပိုင်းရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ လက်ခုတ်တန်းရပ်ကွက်၊ ဒေါင့်ကြီးရပ်ကွက်၊ အာသံကျေးရွာ၊ မိုးဘုံကျေးရွာ၊ ကျိန်တောကျေးရွာ၊ တောင်ကိုင်းကျေးရွာတို့တွင် GSM စခန်းတစ်ခုစီနဲ့ စုစုပေါင်း စခန်းရှစ်ခုဖွင့်လှစ်ပြီးတော့မှ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်းမှာ MPT၊ Telenor ၊ Ooredoo နဲ့ MyTel တို့က ဖွင့်လှစ်ထားရှိခဲ့တဲ့၊ လက်ရှိဆောင်ရွက်နေတဲ့ GSM စခန်း စုစုပေါင်း ၃၃ ခုနဲ့ ဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးရန် လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုထားတဲ့ ကျေးရွာများရဲ့ တည်နေရာပြမြေပုံ ဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ နိုင်ငံတစ်ဝန်းလုံးမှာ မြို့ပြနဲ့ကျေးလက်များပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိသော်လည်းပဲ မိုဘိုင်းစခန်းများတည်ဆောက်ရာမှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၊ အဝေးဆက်သွယ်ရေး

ဆက်ကြောင်း(မိုက်ခရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု)များ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊ မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု အခြေအနေ၊ လူဦးရေသိပ်သည်းမှုနဲ့ ပြန်လည်ရရှိနိုင်မည့် ဝင်ငွေအခြေအနေ စသည်တို့အပေါ် မူတည်ပြီးတော့ တည်ဆောက်ရခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုသော မိုးမိတ်မြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများဖြစ်တဲ့ လွယ်မောက်၊ တုံးကြီး၊ ရေပုံး၊ ခတ်ချယ်၊ လွယ်ရာ၊ မိုင်းနင်း၊ နန့်ရှီး၊ ညောင်တောက်၊ မန့်ယွင်းစသည့် ရေပုံးကျေးရွာအုပ်စု ကိုးတောင်နယ်နှင့် ငါးတောင်နယ်ဖြစ်တဲ့ မန်ကောက်ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူးပေးရန်မှာ ၎င်းကျေးရွာများသည် လူဦးရေနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အဝေး ဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်ရန်ခက်ခဲခြင်း စသည်တို့ကြောင့် ဆက်သွယ်ရေး အော်ပရေတာများအနေနဲ့ လောလောဆယ်တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးကြောင်း သိရှိရပါတယ်။

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်းရှိ အခြေခံ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေသည့် နယ်မြေဒေသများ(Underserved Area)များမှာ အခြေခံဆက်သွယ်ရေးအဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မယ့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်တဲ့ အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ (Universal Service Fund)ဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မူရင်းဖြင့်လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း မှတ်ပုံတင်ခြင်းပြုလုပ်မည့် အစီအစဉ်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point အသုံးပြုပြီး မေးမြန်း ခွင့်ပြုပါရှင်။ ကျွန်မအနေနဲ့ SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသားမှတ်ပုံတင်မူရင်းဖြင့်သော်

လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း ပြုလုပ်ပေးဖို့အတွက် စီစဉ်ဆောင်ရွက်ထားတဲ့အခြေအနေကို မေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။

SIM Card တွေကို မှတ်ပုံတင်တဲ့အခါမှာ မှတ်ပုံတင်မိတ္တူတွေနဲ့ SIM Card အမြောက်အမြားကို မှတ်ပုံတင်နေတာ နံပါတ်တွေကို ရှေ့၊ နောက်လွဲပြီးတော့ မှတ်ပုံတင်ထားတာမျိုးတွေ။ နောက်ပြီးတော့ SIM Card တွေကို အလကားပေးဝေတာတို့ အဆမတန်လျှော့ရောင်းတာဆိုတဲ့ တည်ဆဲဥပဒေကို ချိုးဖောက်နေတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့ဟာ SIM Card တွေကိုမှတ်ပုံတင်တဲ့အခါမှာ စနစ်တကျ မူရင်းအတိုင်းမတင်တဲ့အတွက်ကြောင့်မို့လို့ Reject ဖြစ်တာတွေအများကြီး ရှိပါတယ်။ Rejection ဖြစ်ရတဲ့အကြောင်းအရင်းအများဆုံးဟာ ၆၇ ရာခိုင်နှုန်းဟာ နိုင်ငံသားကဒ်တစ်ခုတည်းနဲ့ SIM Card အမြောက်အမြားကို မှတ်ပုံတင်ထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်မတို့က အခုလက်ရှိ ၂၀၁၆ ခုနှစ်ကတည်းကနေပြီးတော့  SIM Card တွေကို မှတ်ပုံတင်ဖို့အတွက် ညွှန်ကြားထားပေမဲ့လည်း ဒီလိုမျိုး မှတ်ပုံတင်မိတ္တူတွေနဲ့ ဒါမှမဟုတ် မသမာတဲ့နည်းတွေနဲ့ ရှေ့၊ နောက်တွေလွဲပြီးတော့ တင်လာတဲ့အခါမျိုးမှာ တကယ် Approved ဖြစ်တာက ၁၁ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ကျန်တဲ့ ၈၉ ရာခိုင်နှုန်းကလည်း ဈေးကွက်ထဲမှာ အသုံးပြုခွင့်ရနေတာ ဖြစ်ပါတယ်။ မိမိရဲ့မှတ်ပုံတင်နံပါတ်နဲ့ အခြားတစ်ယောက်ကနေပြီးတော့ တစ်လွဲသုံးမယ်ဆိုရင် တရားဥပဒေစိုးမိုးရေးအတွက် အင်မတန်အန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်ရှင်။

ကျွန်မတို့ဟာ ဆက်သွယ်ရေးဥပဒေရဲ့ပုဒ်မ အခန်း(၁၁)မှာ ပြိုင်ဆိုင်မှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များကို တားမြစ်ခြင်းဆိုတဲ့ အခန်းမှာဆိုရင် ပုဒ်မ ၃၅၊ ၃၆ တို့မှာ လုပ်ငန်းလိုင်စင်ရရှိထားသူဟာ ဆက်သွယ်ရေးဈေးကွက်အတွင်း လွတ်လပ်စွာပြိုင်ဆိုင်မှုသဘောသဘာဝကို ပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်ချက်ကိုမှ ပြုလုပ်ခြင်းမပြုရဆိုပြီးတော့ တားမြစ်ထားတာရှိပေမဲ့လည်း ကျွန်မတို့ဈေးကွက်ထဲမှာဆိုလို့ရှိရင် SIM Card သုံးကဒ်ကို ကျပ် ၁၀၀၀ နဲ့ 1 MB အလကားပေးပြီးတော့မှ ရောင်းနေတာမျိုးတွေက ဒီဥပဒေတွေကို ပြောင်လှောင်နေတယ်လို့ပဲ ခံစားရပါတယ်ရှင့်။ ကျွန်မတို့မှာ ဒီလိုမျိုး SIM Card တွေကို ဈေးကွက်ထဲမှာ ပေါပေါသီသီဝယ်လို့ရနေတာတွေဟာ တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာပါတယ်။ တရားဝင်မှတ်ပုံတင်ထားတဲ့ SIM Card တွေမဟုတ်ဘဲနဲ့ SIM Card

အသုံးပြုပြီး တယ်လီဖုန်းဖြင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ငွေညှစ်ခြင်း၊ လိမ်လည်ခြင်းစတဲ့ လူမှုရေးပြဿနာတွေရနိုင်ပါတယ်။ နိုင်ငံတော်လုံခြုံရေးထိအောင်၊ အကြမ်းဖက်မှုတွေအထိအောင် ဖြစ်ပေါ်လာနိုင်ပါတယ်။ အမုန်းစကားဖြန့်ဝေခြင်းတွေ၊ မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေပေးချေရာမှာ မသမာမှုပြုလုပ်ရန်အတွက် လွယ်ကူလာတာမျိုးတွေ၊ လူမှုကွန်ရက်ပေါ်မှာ Cyber Bullying ပြုလုပ်ခံရတာ၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခဖြစ်ပေါ်တဲ့အခါမှာ အစိုးရလှုပ်ရှားမှု လှုံ့ဆော်ရေးသားမှုတွေကို ထောက်လှမ်းခြေရာခံတဲ့အခါမှာ အခက်အခဲများစွာဖြစ်ပေါ်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကျွန်မတို့ဟာ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနဲ့ လုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေတွေလည်း ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်။ ဥပဒေတွေအတိုင်း ကျွန်မတို့ရဲ့ Privacy ချိုးဖောက်မှုမရှိအောင်လို့တော့ ကာကွယ်ပေးရမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အခန်း(၄) တားမြစ်ချက်မှာဆိုလို့ရှိရင် ပုဒ်မ ၈(ခ)မှာဆိုရင် နိုင်ငံသားတစ်ဦးရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနဲ့ လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော လူ့ဂုဏ်သိက္ခာကိုထိခိုက်စေတဲ့ နောက်ယောင်ခံခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်းမပြုရဆိုပြီးတော့ ကျွန်မတို့က ဥပဒေနဲ့ခိုင်ခိုင်မာမာပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဖိနပ်နဲ့မတော်လို့ ဖနောင့်ဖြတ်လိုက်တဲ့စီမံခန့်ခွဲမှုမျိုးကို မဖြစ်ဖို့တော့ ကျွန်မကတော့ အထူးမေတ္တာရပ်ခံအပ်လိုပါတယ်။ ဝယ်ယူထားပြီးသား SIM Card တွေကို ပယ်ဖျက်ရာမှာ အသုံးပြုနေတဲ့ပြည်သူတွေ အဆင်ပြေရေးကိုတော့ အလေးထားဆောင်ရွက်ပေးဖို့ လိုပါတယ်။ Mobile Router တွေလိုမျိုးပါ။ SIM Card တွေကို အင်တာနက်အသုံးပြုတာတွေ၊ GPS တို့၊ CCTV တို့လိုမျိုး အင်တာနက်အခြေခံထားတဲ့ ICT ပစ္စည်းများမှာ Mobile SIM Card တွေနဲ့ ချိတ်ဆက်ပြီး အသုံးပြုနေတဲ့သူတွေ၊ SIM Card များစွာဝယ်ယူထားပြီး ဖြစ်နေတယ်ဆိုလို့ရှိရင်လည်း ဘယ်နံပါတ်တွေကိုပယ်ဖျက်မှာလဲဆိုပြီးတော့ မှန်မှန်ကန်ကန်အသုံးပြုနေတဲ့ ဝယ်ယူသုံးစွဲသူပြည်သူများနဲ့ အရောင်းဆိုင်များကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင်တော့ ဖြေရှင်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတကာမှာ ဖုန်းဝယ်တယ်ဆိုလို့ရှိရင် မှတ်ပုံတင်ခဲ့ရပေမဲ့ မြန်မာနိုင်ငံမှာ မှတ်ပုံမတင်ဘဲနဲ့ လက်ကိုင်ဖုန်းတွေကို အလွယ်တကူဝယ်ယူအသုံးပြုခွင့်ရခဲ့ပါတယ်။ SIM Card မျိုးစုံကို လွယ်လွယ်ကူကူ၊ ပေါပေါများများအသုံးပြုလာတဲ့၊ အင်တာနက်တွေအသုံးပြုခွင့်ရလာတဲ့အခါမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမှာ ကောင်းစွာအကျိုးဖြစ်ထွန်းခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘေးထွက်ဆိုးကျိုးတွေအနေနဲ့ ပုဂ္ဂိုလ်ရေးနှောင့်ယှက်ခြင်းမှ

စပြီးတော့ ကြီးမားတဲ့ရာဇဝတ်မှုမျိုးတွေ ကျူးလွန်နိုင်ဖို့အတွက် အလွယ်တကူဖြစ်လာတဲ့အခါမှာ ဒီ SIM Card တွေကို မှတ်ပုံတင်ထားခြင်းမရှိရင် ထိန်းချုပ်ဖို့ခက်ခဲမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော် အစိုးရအနေနဲ့လည်း e-Government အကောင်အထည်ဖော်ဖို့ Data Center တွေ တည်ဆောက်ဖို့၊ EIT စနစ်တွေအကောင်အထည်ဖော်နေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ SIM Card တွေ မှတ်ပုံတင်တဲ့အခါမှာလည်း မှတ်ပုံတင်မူရင်းဖြင့်သော်လည်းကောင်း၊ Biometric နည်းဖြင့်သော် လည်းကောင်း ကျွန်မတို့ကို စနစ်တကျမှတ်ပုံတင်တဲ့၊ ဆောင်ရွက်ထားတဲ့အခြေအနေတွေ သိရှိလိုတဲ့ အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၏ SIM Card မှတ်ပုံတင်ခြင်းကို နိုင်ငံသား မှတ်ပုံတင်မူရင်းဖြင့်သော်လည်းကောင်း၊ Biometric စနစ်ဖြင့်သော်လည်းကောင်း ပြုလုပ်စေရန် အတွက် စီစဉ်ဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော်ကပဲ ဆက်လက်၍ ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဆက်သွယ်ရေးဈေးကွက်ယှဉ်ပြိုင်မှု စတင်တဲ့အချိန် ၂၀၁၄ ခုနှစ် ကတည်းက SIM Card များကို မှတ်ပုံတင်ပြုလုပ်ပြီး ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်စေခဲ့ သော်လည်း SIM Card အများစုဟာ အချက်အလက်ပြည့်စုံစွာဖြင့် စနစ်တကျမှတ်ပုံတင်ထားမှု မရှိကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် ဩဂုတ်လကစတင်ပြီးတော့ SIM Card မှတ်ပုံတင်ခြင်းကို သတ်မှတ်ထားတဲ့ မှတ်ပုံတင် ID မိတ္တူတို့နဲ့ အချက်အလက်များဖြည့်စွက်ပြီးတော့ ၃၁-၃-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီးတော့ မဖြစ်မနေပြုလုပ်ရန်လိုအပ်ကြောင်း၊ စနစ်တကျမှတ်ပုံတင်သုံးစွဲခြင်း မရှိတဲ့ SIM Card များကို ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်းကို အများပြည်သူများ ကျယ်ကျယ် ပြန့်ပြန့်သိရှိဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခြင်း၊ ရုပ်မြင် သံကြားအစီအစဉ်များတွင် တိုက်တွန်းနှိုးဆော်အသိပေးခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး

ဌာန၏ အင်တာနက်စာမျက်နှာမှတစ်ဆင့် အသိပေးခြင်း၊ သက်ဆိုင်ရာအော်ပရေတာများက မိုဘိုင်းတယ်လီဖုန်းအသုံးပြုသူများကို Short Message Service(SMS) ဖြင့်အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့အထိ စနစ်တကျ မှတ်ပုံတင်ထားခြင်းမရှိခဲ့တဲ့ SIM Card စုစုပေါင်း ၈.၆၈ သန်းခန့်ကို ယာယီပိတ်သိမ်းခဲ့ပါတယ်။ ယာယီပိတ်သိမ်းထားတဲ့ အဲဒီ SIM Card တွေကို ဆက်လက်ပြီးမှတ်ပုံတင်ဖို့အတွက် နောက်ထပ်(၃)လခွင့်ပြုခဲ့ရာ သတ်မှတ်ကာလကုန်ဆုံးတဲ့ ၁-၇-၂၀၁၇ ရက်နေ့အထိ စနစ်တကျမှတ်ပုံတင်ထားခြင်းမရှိတဲ့ SIM Card စုစုပေါင်း ၆.၆ သန်းကို အပြီးပိတ်သိမ်းခဲ့ပါတယ်။

SIM Card မှတ်ပုံတင်ခြင်းကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Mobile Application များမှသော်လည်းကောင်း၊ Website များမှသော်လည်းကောင်း၊ လက်လီအရောင်းဆိုင်များ၊ ဆက်သွယ်ရေးရုံးများ၊ ဘဏ်များ၊ အများပြည်သူများနှင့်ဆိုင်သော စျေးများတွင်ဆောင်ရွက်ခဲ့ရာ အချက်အလက်ပြည့်စုံသော်လည်း နိုင်ငံသားစိစစ်ရေးကဒ်တစ်ခု(သို့) ID တစ်ခုဖြင့် SIM Card များစွာကို မှတ်ပုံတင်ဆောင်ရွက်ခဲ့မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ SIM Card ရောင်းချမှုများနှင့်စပ်လျဉ်းပြီးတော့ ID တစ်ခုနဲ့ အော်ပရေတာတစ်ဦးထံမှ အများဆုံး SIM Card နှစ်ခု သာဝယ်ယူမှတ်ပုံတင်နိုင်ရေးအတွက် အသိပေးနှိုးဆော်ချက်အား နိုင်ငံပိုင်သတင်းစာများတွင် ၂၃-၃-၂၀၁၉ ရက်နေ့တွင် အသိပေးဖော်ပြခဲ့ပြီးတော့ ၁-၄-၂၀၁၉ ရက်နေ့နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတကာမှာလည်းပဲ ID တစ်ခုနဲ့ မှတ်ပုံတင်နိုင်တဲ့ SIM Card အရေအတွက်ကို သတ်မှတ်ထားရှိချက်များရှိကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ မှတ်ပုံတင်ထားတဲ့ တယ်လီဖုန်းသုံးစွဲသူများရဲ့ အချက်အလက်များကို သက်ဆိုင်ရာအော်ပရေတာအလိုက် သီးခြားစီသိမ်းဆည်းထားရှိပါတယ်။ သီးခြားစီမှတ်ပုံတင်ထားတဲ့အတွက် ID တစ်ခုနဲ့ SIM Card စုစုပေါင်းဘယ်လောက်ထိ မှတ်ပုံတင်ထားခြင်းရှိ/မရှိကို စိစစ်ရန်ခက်ခဲခြင်း၊ ID မှန်ကန်မှုရှိ/မရှိစိစစ်ရန် ခက်ခဲခြင်းတို့ကြောင့် Biometric အချက်အလက်များကိုအသုံးပြုပြီးတော့ Verification လုပ်နိုင်ပြီးတော့ မိုဘိုင်းအော်ပရေတာများအားလုံးရဲ့ သုံးစွဲသူအချက်အလက်များကို တစ်စုတစ်စုတည်းသိမ်းဆည်းထားနိုင်တဲ့ Common Data base စနစ်တစ်ခုတည်ဆောက်ရန် လိုအပ်လာပါတယ်။ သို့ပါ၍ အဆိုပါစနစ်တည်ဆောက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး

ညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားရေးမှူးကဦးဆောင်ပြီးတော့ မိုဘိုင်းအော်ပရေတာ၏ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ Joint Working Group ကို ၃-၅-၂၀၁၉ ရက်နေ့မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ Common Data Base စနစ်တည်ဆောက်ရာမှာ တင်ဒါခေါ်ယူနိုင်ရေးအတွက် Request for Proposal ပြုစုရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ SIM Card မှတ်ပုံတင်ခြင်းကို Biometric အပါအဝင် သတ်မှတ်ထားတဲ့အချက်အလက်များဖြင့် စတင်ဆောင်ရွက်နိုင်ရန် Common Data base စနစ်ကို ၂၀၂၀ ခုနှစ် ဇွန်လမကုန်မီ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ Common Data base စနစ်ဖြင့် SIM Card အသစ်ဝယ်ယူသူများကို မှတ်ပုံတင်ခြင်းစတင်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ယခုလက်ရှိသုံးစွဲနေတဲ့ မှတ်ပုံတင် ထားတယ်ဆိုတဲ့ SIM Card တွေအားလုံးကိုလည်းပဲ အချိန်ကာလတစ်ခုသတ်မှတ်ပြီးတော့ Biometric စနစ်နဲ့ ပြန်လည်မှတ်ပုံတင်ခြင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆိုပါ Common Data base စနစ်ကိုတည်ဆောက်ပြီး SIM Card များကို Biometric နဲ့ အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်းအားဖြင့် မိုဘိုင်းဖုန်းအသုံးပြုသူများဟာ Mobile Banking၊ Mobile Money၊ Mobile Payment၊ Online Shopping အစရှိတဲ့ Online ဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာ အသုံးပြုလာနိုင်မည်ဖြစ်ပြီးတော့ အများပြည်သူလုံခြုံရေးကိုလည်း ထိရောက်စွာအကာအကွယ် ပေးနိုင်မည်ဖြစ်ပါ၍ ပြည်သူလူထုအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်းတင်ပြ အပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ပိတ်သိမ်းခဲ့တာက ၈.၆၈ သန်းနဲ့ အပြီးပိတ်သိမ်းတာ ၆.၆ သန်းလို့ ပြောပါတယ်။ လတ်တလောအခြေအနေဟာဆိုလို့ရှိရင် ကျွန်မတို့ကိုင်ထားတဲ့ မှတ်ပုံတင်နံပါတ်နဲ့ အခြားသူတစ်ယောက်က တစ်လွဲလုပ်တဲ့အခါမှာဆိုလို့ရှိရင်လည်း အများကြီးစိုးရိမ်စရာရှိပါတယ်။ ဒါကတော့ အချိန်ယူပြီးတော့ လုပ်ရမယ်ဆိုတာ နားလည်ပေမဲ့လည်း ဒီလိုမျိုးမဖြစ်အောင်လို့တော့ ကာကွယ်ပေးဖို့လိုတယ်။ ကျွန်မသိချင်တာက ဒီ ၆၆ သန်းကို အပြီးပိတ်သိမ်းခဲ့တယ်လို့ ပြောပါတယ်။ တကယ်တမ်းကျတော့ ကျွန်မတို့ဟာ ပေါပေါသီသီအလကားရလို့ပဲဖြစ်ဖြစ်၊ ပရိုမိုးရှင်းတွေရလို့ပဲဖြစ်ဖြစ် ဝယ်ပြီးတော့မှ လက်ထဲမှာကဒ်တွေကိုင်ထားတယ်။ ဈေးပေါပေါနဲ့ဝယ်လို့ကိုင်ထားတယ်။ အဲဒီကဒ်တွေက ပိတ်သိမ်းလိုက်တဲ့

အခါမှာ ကျွန်မတို့စားသုံးသူပဲနစ်နာရတာဖြစ်ပါတယ်။ ပိတ်သိမ်းလိုက်တဲ့ SIM Card တွေက ဈေးကွက်မှာရှိနေပါတယ်။ အော်ပရေတာတွေက ဆက်လက်ပြီးရောင်းချတာမျိုး ဖြစ်ပါတယ်။ ဒီလိုမျိုး အခါမှာ အော်ပရေတာပဲအကျိုးအမြတ်ရပြီးတော့ ကျွန်မတို့စားသုံးသူအနေနဲ့ အန္တရာယ်လည်း ဖြစ်စေတယ်။ နစ်နာမှုလည်းဖြစ်စေပါတယ်။ ဒီလိုမျိုးကိစ္စမျိုးတွေအတွက်ဆိုလို့ရှိရင်ရော ဝန်ကြီးဌာန အနေနဲ့ လတ်တလော ဘယ်လိုမျိုးစီစဉ်မယ်ဆိုတာကို ကျွန်မသိချင်ပါတယ်။ Biometric နည်းတွေနဲ့ ကျွန်မတို့က စနစ်တကျလုပ်တဲ့အခါမှာ ကျွန်မတို့ပြည်သူမထိခိုက်ဖို့နဲ့ နစ်နာမှုအနည်းဆုံးနည်းနဲ့ လုပ်ရမှာဆိုတဲ့အတွက် အချိန်ယူဖို့လိုတာလည်း နားလည်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုကိစ္စမျိုးတွေ ဆိုလို့ရှိရင်တော့ လတ်တလောဖြေရှင်းဖို့ လိုအပ်တယ်လို့ ယူဆတဲ့အတွက်ကြောင့် ဒါမျိုးဆိုရင် ဘယ်လိုဖြေရှင်းထားလဲ သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ သက်ဆိုင်ရာ အော်ပရေတာများကို SIM Card တွေမှတ်ပုံတင်ဖို့အတွက်ဆိုရင် လိုအပ်တဲ့အချက်အလက်တွေနဲ့ ဥပမာဆိုရင် နာမည်အပြည့်အစုံပါရမယ်။ လိပ်စာအပြည့်အစုံပါရမယ်။ ID နံပါတ်ပါရမယ်။ ID ဆိုတဲ့ နေရာမှာ နိုင်ငံသားကတ်ပြားဖြစ်ရင်ဖြစ်မယ်။ Passport ဖြစ်ရင်ဖြစ်မယ်။ ယာဉ်မောင်းလိုင်စင်၊ တက္ကသိုလ်ကျောင်းသားကတ်ပြားစတာပါတယ်။ မွေးရက်၊ မွေးနေ့၊ မွေးတဲ့ဌာနေပါ ပါတယ်။ နောက် ကျား/မခွဲပြီးတော့ ဒါတွေ မှတ်ပုံတင်ခိုင်းပါတယ်။ ဒါပေမဲ့ တကယ်ပြဿနာဖြစ်နေတာက လက်လီ အရောင်းဆိုင်ရှိတယ်။ တစ်ဆင့်ရောင်းတဲ့ဆိုင်တွေလည်းရှိပါတယ်။ အဲဒီဆိုင်တွေမှာ ကျွန်တော့်အနေနဲ့ ကျွန်တော့်မှတ်ပုံတင်မူရင်းပြမယ်။ မိတ္တူပေးမယ်။ ကျွန်တော့်မှတ်ပုံတင်လုပ်မယ်။ တရားဝင် ကျွန်တော့် နာမည်နဲ့မှတ်ပုံတင်က ကဒ်တစ်ကဒ်ပဲဝယ်တယ်။ ဒါပေမဲ့ သက်ဆိုင်ရာဆိုင်က အကြောင်းကြောင်း ကြောင့် မသမာမှုလုပ်ပြီးတော့ ကျွန်တော့်မှတ်ပုံတင်မိတ္တူကို အများကြီးပွားပြီးတော့ အများကြီး Copy လုပ်လိုက်တယ်။ ကျန်တဲ့လူကိုရောင်းရင် Register လုပ်ပြီးသားဆိုပြီး ကျွန်တော့်နာမည်နဲ့ ဖြစ်သွား တာတွေရှိပါတယ်။ အဲဒါတွေကို ကျွန်တော်တွေ့တိုင်း အရေးယူနေပါတယ်။ ဒါတွေကလည်း Biometric စနစ်မဖြစ်မချင်း အင်မတန်ထိန်းသိမ်းရခက်ပါတယ်။ Check လုပ်ပြီးတော့ အရေးယူတာတွေရှိမှာပါ။ ပြီးတော့ အလကားပေးပြီးတော့ ပြိုင်ဆိုင်မှုကိုဆန့်ကျင်တဲ့ Competition Laws နဲ့ ငြိနေတဲ့ကိစ္စတွေ ရှိပါတယ်။ ဒါလည်း Facebook ကော၊ Website တွေမှာလည်း လူတွေလည်း သိပြီးသားဖြစ်မှာပါ။

အလကာပေးခွင့်မရှိပါဘူး။ ဥပဒေကလည်း တန်ဖိုးရှိတာကို အလကားပေးခွင့်မရှိပါဘူး။ အဲဒီအတွက် ကျွန်တော်က သေချာစစ်ဆေးတယ်၊ ဥပဒေအရစနစ်တကျ သူတို့ကို ရှင်းလင်းခွင့်ပေးတယ်။ သက်ဆိုင်ရာအော်ပရေတာတွေက ကိုယ်တိုင်ဘယ်လိုမှငြင်းလို့မရပါဘူးခင်ဗျ။ လက်လီရောင်းတဲ့ဆိုင်က သီးခြားရောင်းတာတို့၊ သူတို့သဘောနဲ့သူတို့ ရောင်းတာတို့ သူတို့တာဝန်မယူတာတော့ တစ်ပိုင်းပါ။ ဒါပေမဲ့ Brand Shortcut အတွက် ကျွန်တော်က သေချာစိစစ်တယ်။ သူတို့ကိုဖြေရှင်းခွင့်ပေးတယ်။ နောက်ဆုံးအပြစ်တွေ့တယ်။ ဥပဒေအတိုင်း ကျွန်တော်လုပ်တယ်။ နောက်ဆုံး သန်း ၃၀၀ ဒဏ်ရိုက်ပါတယ်။ ဒါကလည်း လိုင်စင်ပါပြဋ္ဌာန်းချက်ထဲကို ဖောက်ဖျက်ရင် ပြီးခဲ့တဲ့နှစ်ဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းအထိ အများဆုံးဒဏ်ရိုက်နိုင်တယ်ဆိုကတည်းက ဒဏ်ရိုက်တာဖြစ်ပါတယ်။ တကယ် အားလုံးကို စနစ်တကျနဲ့ နိုင်ငံတော်လုံခြုံရေးအတွက်ရော၊ သုံးစွဲတဲ့သူ လုံခြုံရေးအတွက်ပါဆိုပြီးတော့ Biometric စနစ်ပြီးမှပဲ တကယ်စိတ်ချရမှာဖြစ်ပါတယ်။ အခုအချိန်လည်း မှတ်ပုံတင်မူရင်းနဲ့ ဘယ်လိုသွားလုပ်လုပ် သက်ဆိုင်ရာကို လမ်းဘေးဆိုင်တွေက မှတ်ပုံတင်ပေးမယ်။ ဒါပေမဲ့ ခုန ကျွန်တော်တင်ပြသလို အမျိုးမျိုးလုပ်နိုင်ပါတယ်။ အဲဒီတော့ ထိန်းသိမ်းရခက်ပါတယ်။ ကျွန်တော်တို့ ကလည်းစစ်မယ်။ အရေးယူမယ်။ ဒါတွေပဲလုပ်နိုင်ပါတယ်။ Biometric စနစ်ကို လာမယ့်ဇွန်လ မတိုင်မီပြီးအောင်လုပ်မယ်။ အတတ်နိုင်ဆုံး ဒီထက်စောစောပြီးအောင်လုပ်မယ်။ လုပ်ပြီးတော့ ကျန်တဲ့လက်ရှိဖုန်းအပါအဝင် လူတွေအားလုံးကိုပါ Biometric နဲ့ လုပ်ဖို့ဖြစ်ပါတယ်။ ဒါတွေလည်း ပညာပေးပြီးတော့မှ သက်ဆိုင်ရာ ပြည်သူလူထုအကုန်လုံးက လက်ရှိသုံးနေတာက SIM Card သန်း ၆၀ ကျော် ရှိပါတယ်။ ဒီလူတွေအားလုံးနဲ့ Biometric စနစ်လုပ်ဖို့အတွက်ကို ကျွန်တော်က ပြည်သူလူထုကို ပညာပေးပြီးတော့ အမြန်ဆုံးလုပ်ကိုင်မှုရှိမှာပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ခန္တီးမြို့နှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်း ကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးအောင်သန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သန်းစိန်(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန် ဖြစ်ပါတယ်။ ဒီကနေ့ ပြည်သူ့လွှတ်တော်မှာ ကျွန်တော့်အနေနဲ့ ခန္တီးမြို့နယ်အတွင်းရှိ ခန္တီးမြို့နှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်းကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးမြို့နယ်ရဲ့အကျယ်အဝန်းဧရိယာ ၃၁၆၅.၄၅ စတုရန်းမိုင်ရှိပြီး ဧကပေါင်း ၂၀၂၅၈၈၈ ဧကရှိပါတယ်။ ကျောက်စိမ်းထွက်ရှိသည့်နေရာသည် ခန္တီးမြို့မှ ၂၅ မိုင်အကွာ နန်စီဘွန်ဒေသနှင့်နတ်မွန်ဒေသဖြစ်ပါတယ်။ ခန္တီးမြို့မှ ၄၅ မိုင်အကွာ ပတ္တာဘွန်မျော်မှာ ပယင်းထွက်ရှိပါတယ်။ ယခင်က ကျောက်မျက်ရတနာထွက်ရှိရာ ဧရိယာအကျယ်အဝန်းကို အတိအကျသတ်မှတ်ခဲ့ခြင်းမရှိဘဲ တူးဖော်လုပ်ကိုင်ခဲ့ကြပါတယ်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ရက်စွဲပါ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၀၁)ဖြင့် ခန္တီးမြို့ရတနာနယ်မြေကို ဧရိယာ ၁၁၆၃ စတုရန်းမိုင်၊ ဧကပေါင်း ၇၄၄၃၂၀ ဧကသတ်မှတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ မြေပုံမှာအပြာရောင်ခြယ်ထားတဲ့နေရာဟာ ခန္တီးရတနာနယ်မြေဖြစ်ပါတယ်။ ခန္တီးမြို့မှချင်းတွင်းမြစ်အထက်ပိုင်း ၄၅ မိုင်အကွာ တံခွန်ချောင်းအထိ ခန္တီးမြို့မှချင်းတွင်းမြစ်အောက်ပိုင်း ၃၆ မိုင်အကွာ ကောင်းဟိန်ရွာအထိ ခန္တီးမြို့ အရှေ့ဘက်နှင့်အရှေ့တောင်ဘက် ကချင်ပြည်နယ်နယ်စပ်အထိ ရတနာနယ်မြေသတ်မှတ်ခဲ့ပါတယ်။ ယခုလိုသတ်မှတ်လိုက်တဲ့ဧရိယာဟာ ခန္တီးမြို့အပါအဝင် ပဒူးမုံးကျေးရွာအုပ်စု၊ ဖောင်းဆိုင်ကျေးရွာအုပ်စု၊ မှန်ပင်ကျေးရွာအုပ်စု၊ အောင်မြေကျေးရွာအုပ်စု၊ စိန်လန်းကျေးရွာအုပ်စု၊ ဟိန်စွန်းကျေးရွာအုပ်စု၊ လင်းဖားကျေးရွာအုပ်စု၊ အရှေ့ကောက်တောင်းကျေးရွာအုပ်စု၊ ကောင်းဟိန်ကျေးရွာအုပ်စု ကျေးရွာကိုးအုပ်စုနှင့် အခြားကျေးရွာကိုးရွာ စုစုပေါင်း ၁၈ ရွာမှ ရွာဧရိယာနယ်နိမိတ်များ၊ ခန္တီးမြို့ကျေး/ရွာနယ်နိမိတ်များသည် ရတနာနယ်မြေအတွင်းပါသွားပါတယ်။ ရတနာနယ်မြေအတွင်း ပါဝင်နေသည့်အတွက် ဒေသခံတိုင်းရင်းသားများသည် လယ်ယာမြေဖော်ထုတ်ရာတွင်လည်းကောင်း၊ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်းကောင်း၊ နှစ်ရှည်သီးနှံပင်စိုက်ပျိုးရာတွင်လည်းကောင်း၊ ရွှေသတ္တု

တူးဖော်လို၍ လျှောက်ထားရာတွင်လည်းကောင်း၊ မြို့မြေငှားဂရန်၊ ကျေးရွာမြေငှားဂရန်လျှောက်ထား ရာတွင်လည်းကောင်း ဥပဒေနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အခက်အခဲ များကြုံတွေ့နေရပါတယ်ခင်ဗျား။

ကျောက်ကျင်းထွက်ရှိသည့်နေရာသည် Power Point မှာအနီရောင်နဲ့ဝိုင်းပြထားတဲ့နေရာတွေ မှာသာ ထွက်ရှိပါတယ်ခင်ဗျား။ အနက်ရောင်နဲ့ဝိုင်းပြထားတဲ့ ညောင်တစ်လျှောက်မှော်နဲ့ လင်းဖားမှော် တို့ဟာ ယနေ့အချိန်ထိ ကျောက်စိမ်းရိုင်းများလုံးဝထွက်ရှိခြင်းမရှိဘဲနဲ့ ကျောက်စိမ်းလုပ်ကွက်မှော် အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ရွှေလုပ်ငန်းရှင်များက ရွှေထွက်ရှိတဲ့ ၎င်းနေရာကို ကျောက်စိမ်း ဖော်ထုတ်လုပ်ကွက်အဖြစ်သတ်မှတ်စေပြီး ရွှေတူးဖော်ခဲ့ကြပါတယ်။ ယခုအခါ ၎င်းနေရာမှာ ရွှေကြော များ ကုန်သွားသည့်အတွက် တူးဖော်လုပ်ကိုင်ခြင်းမရှိတော့သည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဓိကတင်ပြလိုတာကတော့ Power Point ပုံမှာပြထားသည့် အတိုင်း ခန္တီးမြို့ဧရိယာနယ်နိမိတ်အနီး၊ ကျေးရွာများရဲ့ဧရိယာနယ်နိမိတ်အနီးနှင့် ချင်းတွင်းမြစ် ကမ်းစပ်ကနေ ၅ မိုင်အတွင်းမှာ ယနေ့အချိန်ထိကျောက်စိမ်းရိုင်းများ၊ အခြားဓာတ်ငွေ့ရတနာများ ထွက်ရှိခြင်းမရှိသည်ကို တွေ့ရှိရပါတယ်။ ရွှေသတ္တုအနည်းငယ်သာထွက်ရှိပါတယ်။ ကျောက်မျက် ရတနာများမထွက်ရှိသည့်အတွက် ချင်းတွင်းမြစ်ကမ်းစပ်ကနေ ၅ မိုင်အကွာထိကို ရတနာနယ်မြေ အဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပေးပြီး ခန္တီးမြို့ဧရိယာနယ်နိမိတ်၊ ကျေးရွာများရဲ့ဧရိယာနယ် နိမိတ်များ စနစ်တကျသတ်မှတ်ပေးမည်ဆိုပါက ဒေသခံတိုင်းရင်းသားပြည်သူများ လယ်ယာမြေ ဖော်ထုတ်ခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါတယ်။

ရွှေသတ္တုထွက်ရှိတဲ့နေရာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ အသေးစားလက်လုပ် လက်စားရွှေလုပ်ကွက်များ ချထားပိုင်ခွင့်မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားဝင်လျှောက်ထား လုပ်ကိုင်စေနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် မြို့မြေငှားဂရန်၊ ကျေးရွာမြေငှားဂရန်များကို ဥပဒေနှင့်အညီ ထုတ်ပေးနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်အတွင်းရှိ ခန္တီးမြို့ နှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ ကျေးရွာများသည် ခန္တီးရတနာနယ်မြေအတွင်းကျရောက်နေပါသဖြင့် ပြန်လည်စိစစ်၍ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်ရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်အတွင်းတည်ရှိတဲ့ မြေဧရိယာ ၇၄၄၃၂၀ ဧကကို ခန္တီးရတနာနယ်မြေအဖြစ် ၁၈-၁၀-၂၀၁၁ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ အစိုးရအဖွဲ့အစည်းအဝေး သဘောတူညီချက်အရ ယခင်သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၁၁)နဲ့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ခန္တီးရတနာနယ်မြေရဲ့ မူလဧရိယာနဲ့ ခေတ်သတ္တုတူးဖော်ရန် ခွင့်ပြုထားခဲ့ပြီးဖြစ်တဲ့ဧရိယာ ၂၀၀ ဧကနှင့် ရွှေပြည်သာကျေးရွာအုပ်စုအတွင်းရှိ မြကျွန်းသာ၊ ချောင်းသာ၊ လသာ၊ ရွှေပြည်သာ စတဲ့ကျေးရွာလေးရွာရဲ့ စုစုပေါင်းမြေဧရိယာ ၉၉၁ ဧကကို (၉/၂၀၁၅) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ စုစုပေါင်းဧက ၁၁၉၁ ဧကကို ပယ်ဖျက်ခဲ့တဲ့အတွက် လက်ရှိအကျယ်အဝန်းမှာ ၇၄၃၁၂၉ ဧက ကျန်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းထဲမှာ ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးပါရန်ဖော်ပြထားသည်မှာ ခန္တီးမြို့နဲ့ကျေးရွာအုပ်စု ကိုးအုပ်စု ဖြစ်ပါတယ်။ ခန္တီးမြို့မှာ ပေါမိုင်း၊ မြို့မ၊ ဇီးဖြူကုန်း စတဲ့ရပ်ကွက် သုံးရပ်ကွက်ပါဝင်ပြီး ကျေးရွာအုပ်စု ကိုးအုပ်စုမှာ ရွာပေါင်း ၂၄ ရွာ

ပါဝင်ပါတယ်။ ခန္တီးမြို့မှာတော့ မြို့စည်ပင်သာယာရေးနယ်နိမိတ်သတ်မှတ်ထားရှိပြီး ကျေးရွာအုပ်စုကိုးအုပ်စုမှာပါဝင်တဲ့ ရွာ ၂၄ ရွာ ဟာလည်း ပြည်ထဲရေးအမည်ပေါက်ရွာများဖြစ်ကြပါတယ်။ ယင်း ၂၄ ရွာအနက် ၁၉ ရွာဟာ ရတနာနယ်မြေအတွင်းကျရောက်ပြီး ကျန်ရွာငါးရွာမှာ ရတနာနယ်မြေအတွင်း ကျရောက်မှုမရှိပါဘူး။ ရတနာနယ်မြေအတွင်းကျရောက်တဲ့ ၁၉ ရွာအနက် နားနောက်ရွာမှာ လူနေအိမ်များမရှိတော့ကြောင်း စိစစ်သိရှိရပြီး ဖောင်းဆိုင်ရွာ၊ မှန်ပင်ရွာ၊ ပဒူးမုံးရွာ၊ လင်းဖားရွာ၊ အရှေ့ကောက်တောင်းရွာနဲ့ ကောင်းဟိန်ရွာများအနီးမှာ ကျောက်မျက်ရတနာလုပ်ကွက်များကို လုပ်ကိုင်ခွင့်ချထားပေးခဲ့တာရှိပါတယ်။ ယခုအခါမှာတော့ ၎င်းလုပ်ကွက်များဟာ သက်တမ်းကုန် လစ်လပ်လုပ်ကွက်များဖြစ်ပြီးတော့မှ ကျန်ကျေးရွာများအနီးမှာ ကျောက်မျက်ရတနာလုပ်ကွက် ချထားပေးခြင်းမရှိပါဘူး။

ခန္တီးမြို့ဟာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ထားရှိပြီးဖြစ်တဲ့အတွက်လည်းကောင်း၊ ကျေးရွာအုပ်စုကိုးအုပ်စုမှာ ရတနာနယ်မြေအတွင်းကျရောက်တဲ့ ဒီ ၁၉ ရွာဟာ ပြည်ထဲရေးအမည်ပေါက်ရွာများဖြစ်တဲ့အတွက်လည်းကောင်း ၎င်းမြို့/ရွာများကို ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးသင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ရာတွင် နားနောက်ကျေးရွာဟာ ပြည်ထဲရေးအမည်ပေါက်ရွာဖြစ်သော်လည်း လူအများနေထိုင်မှုမရှိတော့တဲ့အတွက် ပြည်ထဲရေးအမည်ပေါက်ရွာအဖြစ်မှပယ်ဖျက်ပြီး ရတနာနယ်မြေအတွင်းမှာပဲ ဆက်လက်ထည့်သွင်းထားရှိသင့်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၃၀-၁-၂၀၁၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၅ မှာ ရတနာနယ်မြေအဖြစ်က ပယ်ဖျက်ခြင်းနဲ့ပတ်သက်ပြီးတော့ Power Point မှာဖော်ပြထားတဲ့အတိုင်း တွေ့ရှိရပါတယ်။ အကယ်၍ ရတနာနယ်မြေအတွင်းကျရောက်နေတဲ့ ခန္တီးမြို့နဲ့ ရွာ ၁၈ ရွာတို့ကို ရတနာနယ်မြေအဖြစ်မှပယ်ဖျက်မည်ဆိုပါက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဟာ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅ နဲ့အညီ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ထို့အပြင် ခန္တီးရတနာနယ်မြေနဲ့ထပ်နေတဲ့ ထမံသီဘေးမဲ့တောဧရိယာ ၄၅၄၄၀ ဧက၊ ဟူးကောင်းချိုင့်ဝှမ်း(တိုးချဲ့) တိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၁၈၁၂၈၀ ဧက စုစုပေါင်းမြေဧရိယာ ၂၂၆၇၂၀ ဧက ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်မှု

မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ရတနာနယ်မြေအဖြစ်မှ ပယ်ဖျက်နိုင်ရေးနှင့် ခန္တီးရတနာနယ်မြေအတွင်းကျရောက်နေတဲ့ ခန္တီးမြို့နဲ့ ကျေးရွာအုပ်စု၊ ကျေးရွာများကို ကျောက်မျက်ရတနာထွက်ရှိခြင်းရှိ/မရှိ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများက ကိုယ်စားလှယ်များစုဖွဲ့၍ ကွင်းဆင်းစစ်ဆေးပြီး ဧရိယာများသတ်မှတ်ကာပယ်ဖျက်သင့်ပါကြောင်းနှင့် ခန္တီးမြို့ဧရိယာ၊ ထမံသီဘေးမဲ့တောဧရိယာ၊ ခန္တီးရတနာနယ်မြေဧရိယာနဲ့ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောဧရိယာများဟာ နေရာများထပ်နေပြီးတော့မှ ရှုပ်ထွေးမှုများရှိနေတဲ့အတွက် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများက ကိုယ်စားလှယ်များပါဝင်တဲ့အဖွဲ့နဲ့ ကွင်းဆင်းစိစစ်ပြီး တိတိကျကျနယ်မြေသတ်မှတ်ပေးနိုင်ရေးအတွက် ညှိနှိုင်းပေးပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ တင်ပြချက်အပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၉-၅-၂၀၁၉ ရက်စွဲပါ သဘောထားပြန်ကြားပေးရန် အကြောင်းကြားခဲ့တဲ့စာလည်းရှိပါတယ်။ အဆိုပါအကြောင်းကြားစာအပေါ်မှာ ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀-၆-၂၀၁၉ ရက်စွဲပါစာဖြင့် ပြန်လည်တင်ပြထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခန္တီးရတနာနယ်မြေနဲ့ထပ်နေတဲ့ ဘေးမဲ့တောဧရိယာများကို နယ်နိမိတ်တိတိကျကျသတ်မှတ်နိုင်ရေးနဲ့ ရတနာနယ်မြေအတွင်းကျရောက်နေတဲ့ ခန္တီးမြို့နဲ့ ကျေးရွာအုပ်စု၊ ကျေးရွာများကို ခန္တီးရတနာနယ်မြေမှ ပယ်ဖျက်နိုင်ရေးအတွက် ဆက်စပ်ဌာနများမှ ဝန်ထမ်းများပါဝင်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ၂၉-၇-၂၀၁၉ ရက်စွဲပါရုံးအမိန့်စာအမှတ်(၁၆၂/၂၀၁၉)နဲ့ဖွဲ့စည်းပြီး ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**လျှပ်စစ်မီးမရရှိနိုင်သေးသည့် ဒေသများတွင် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန် ထင်းအစားထိုးအခြားလောင်စာသုံးစွဲခြင်း အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါ

တယ်။ သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချနိုင်ရန်အတွက် ယခု မေးခွန်းကို မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတိုင်းလိုလိုမှာ ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေကို ခံစားနေကြရပြီးတော့ သဘာဝ ဘေးဆိုးကြီးကိုလည်း ခပ်စိတ်စိတ်ခံစားလာနေကြရတာ ဖြစ်ပါတယ်။ ဒါတွေကို ကုစားနိုင်ဖို့အတွက် နိုင်ငံတိုင်းလိုလိုက ဂရုတစိုက်ပြင်ဆင်ဆောင်ရွက်လာကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ လည်း ရာသီဥတုအခြေအနေ ချိန်ခွင်လျှာညှိနိုင်ဖို့အတွက် ပဲခူးရိုးမသစ်ထုတ်လုပ်မှု (၁၀) နှစ် ရပ်ဆိုင်း ခြင်း၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ခြင်းစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းများ ဆောင်ရွက်နေသလို တရားမဝင်သစ်ခိုးထုတ်ယူတာတွေ၊ ဖမ်းဆီးအရေးယူ ဆောင်ရွက်တာတွေ ပြုလုပ်နေတာဖြစ်ပါတယ်။ ဒါ့အပြင် သစ်တောပြုန်းတီးမှုကို ဖြစ်စေနိုင်တဲ့အရာ တွေကိုလည်း လျှော့ချသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့လူဦးရေရဲ့ ၂.၄ ဘီလီယံခန့်ဟာ အစားအစာချက်ပြုတ်သုံးစွဲတဲ့နေရာမှာ ထင်းနဲ့အခြားဇီဝလောင်စာတွေကို အသုံးပြုနေကြရပါတယ်။ ချက်ပြုတ်တဲ့နေရာမှာလည်း ရိုးရာဖိုခုံလောက်မီးဖိုတွေကိုသာ အသုံးပြုနေကြဆဲ ဖြစ်ပါတယ်။

ကျေးလက်နေ အိမ်ထောင်စုတစ်စုရဲ့ တစ်နှစ်ထင်းသုံးစွဲမှုဟာ နှစ်ကုဗတန်ရှိပြီးတော့ ကာဗွန်ဒိုင် အောက်ဆိုဒ်ထုတ်လုပ်မှုက တစ်နှစ် ၁.၂ မက်ထရစ်တန်ရှိတယ်လို့ မှတ်သားဖူးပါတယ်။ ဒီသုံးစွဲမှုကို အထိုက်အလျောက်လျှော့ချနိုင်ခဲ့မယ်ဆိုရင် သစ်တောပြုန်းတီးမှုတွေလျှော့နည်းသွားမယ်။ ကာဗွန် ထုတ်လုပ်မှုကို လျှော့ချနိုင်မယ်။ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက်ပါ အထောက်အကူ ပြုစေမှာဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၊ အပူပိုင်းဒေသတွေဖြစ်တဲ့ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးစတဲ့ တိုင်းဒေသကြီးတွေမှာ တောင်ကိုရီးယားနိုင်ငံ Climate Change Center (CCC)အစီအစဉ်နဲ့ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေ ပေးခြင်းအစီအစဉ်ကို ငါးနှစ်ဆက်တိုက်ဆောင်ရွက်နေတာရှိပါတယ်။ ၂၀၁၈ ခုနှစ်ကနေပြီးတော့ ၂၀၂၃ အထိ ခြောက်နှစ်စီမံကိန်းဖြစ်ပြီးတော့ အမေရိကန်ဒေါ်လာ ၇.၂ သန်းထောက်ပံ့ပြီး စွမ်းအားမြှင့်မီးဖို ၅၄၀၀၀၀ ကျော်ဖြန့်ဝေပေးသွားမှာလို့ သိရှိရပါတယ်။ ရရှိလာမည့် Carbon Credit ရဲ့ ၁၀ ရာခိုင်နှုန်း ကို ဝန်ကြီးဌာနကနေ ရရှိမှာဖြစ်ပါတယ်။ ဒါကကျွန်တော်တို့နိုင်ငံအတွက် ကာဗွန်ရောင်းချနိုင်မည့် ပထမ ဆုံးသောစီမံကိန်းလည်း ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ထောက်ခံကြိုဆိုရသလို လတ်တလော လျှပ်စစ်

မီးမရရှိနိုင်သေးတဲ့ဒေသတွေအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားစေလိုတဲ့အတွက် ဒီမေးခွန်းမေးမြန်းရတာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင် တစ်နှစ်ကို စွမ်းအားမြှင့်မီးဖို ၁၅ သန်းဖြန့်ဝေပေးပြီးတော့ ၁၀ နှစ်အတွင်းမှာ အိမ်ထောင်စုရဲ့ ၈၇ ရာခိုင်နှုန်းအထိ ဖြန့်ဝေပေးသွားဖို့ အစီအမံတွေ ချမှတ်ထားပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ကာဗွန်ထုတ်လုပ်မှုကို လျော့နည်းသွားစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်နှင့် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတုနှင့်ပတ်သက်တဲ့ဗဟိုဌာနက အသိအမှတ်ပြုထားတဲ့ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးခြင်း၊ ပြည်သူသုံးစွဲရန် အသိပညာပေးခြင်းတွေ ကျယ်ပြန့်စွာဆောင်ရွက်သွားနိုင်မယ်ဆိုရင် ထင်းသုံးစွဲမှုတွေလျော့နည်းလာမယ်။ ကျေးရွာပိုင်သစ်တော၊ မိမိပိုင်သစ်တောလေးတွေ ရေရှည်တည်တံ့လာနိုင်မယ်။ ကာဗွန်ထုတ်လုပ်မှုကိုလည်း လျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်။ ကာဗွန်ထုတ်လုပ်မှုကို လျှော့ချစေတာကြောင့်မို့လို့ ပါရီသဘောတူညီချက်ကိုလည်း လိုက်နာအကောင်အထည်ဖော်ရာမှာ အထောက်အကူဖြစ်စေပါတယ်။ သို့ပါ၍ နိုင်ငံအဝန်း သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကိုလျှော့ချနိုင်စေရန် ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကိုလျှပ်စစ်မီးမရရှိနိုင်သေးသည့်ဒေသများအထိ ကျယ်ပြန့်စွာဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းမေးမြန်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနမှ အေဝမ်းစွမ်းအားမြှင့်မီးဖိုထုတ်လုပ်တဲ့ စက်ရုံတစ်ရုံကို ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလမှာ တည်ထောင်ခဲ့ပြီး စတင်ထုတ်လုပ်

ရောင်းချခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အေဝမ်းစွမ်းအားမြင့်မီးဖို အမြောက်အမြားကို၊ နေရာအနှံ့အပြားမှာ ထုတ်လုပ်ဖြန့်ဝေနိုင်ရန် ကျေးလက်ဒေသခံ ပြည်သူများအလုပ်အကိုင် အခွင့်အလမ်းတိုးပွားစေရန် ရည်ရွယ်ပြီးတော့မှ အေဝမ်းစွမ်းအားမြင့်မီးဖိုထုပ်လုပ်တဲ့ သင်တန်းများကို ၁၉၉၅ ခုနှစ်မှစပြီး ယနေ့ အချိန်အထိအကြိမ်ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါတယ်။ ယခုအချိန်အထိ သစ်တောသုတေသနဌာနမှ စုစုပေါင်းအေဝမ်းစွမ်းအားမြင့်မီဖို့ ၅ သောင်းခန့် ဖြန့်ဖြူးရောင်းချခဲ့ပြီး ဖြစ်ပါတယ်။ မီးဖိုရဲ့ တန်ဖိုးကတော့ လက်ရှိအနေအားဖြင့် ၁၅၀၀ ကျပ် ဖြစ်ပါတယ်။ သစ်တောသုတေသနဌာနမှ ကျေးလက်နေပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖန်တီးတီထွင်ထားတဲ့ စွမ်းအားမြင့်မီးဖိုများဆိုတဲ့ ခေါင်းစဉ်နဲ့ အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဆုအတွက် ပေးပို့ယှဉ်ပြိုင်ခဲ့ရာမှာလည်း အေဝမ်းစွမ်းအားမြင့်မီးဖိုအနေဖြင့် ၂၀၁၈ ခုနှစ်မှာ ချီးမြှင့်တဲ့အမျိုးသားအဆင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဆုကို ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့လည်း သစ်တောပြုန်းတီးမှုကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကိုလျှော့ချနိုင်ရန်အတွက် ထင်းအစားထိုးလောင်စာသုံးစွဲခြင်း အသိပညာပေးဟောပြောပွဲတွေကို မြို့နယ်တိုင်းမှာ ကျေးရွာအနှံ့အပြား လွှမ်းခြုံမှုရှိစေရန် တစ်နှစ်စာ လုပ်ငန်းစီမံချက်တွေ ကြိုတင်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဟောပြောပွဲတွေမှာလည်း စွမ်းအားမြင့်မီးဖိုတွေကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ အထူးသဖြင့် လျှပ်စစ်မီးမရရှိနိုင်သေးတဲ့ဒေသများမှာ ထင်းသုံးစွဲမှုလျှော့ချနိုင်ရန်နဲ့ သစ်တောပြုန်းတီးမှုများကာကွယ်နိုင်ရန်အတွက် မီးဖိုများနဲ့တွဲဖက်ပြီး အသုံးပြုနိုင်တဲ့ ထင်းအစား စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းများဖြစ်တဲ့ စပါးခွံ၊ ပဲစင်းငုံရိုးစတဲ့ စိုက်စွန့်ပစ္စည်းများနဲ့ လောင်စာတောင့်များကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအတွက် ပြည်သူလူထုအား ပညာပေးဆောင်ရွက်လျက်လည်း ရှိပါတယ်။ ဒါ့အပြင် ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာတွေကို တစ်မြို့နယ်မှာတစ်ရွာ ရွေးချယ်ပြီး ၂၀၁၁ ခုနှစ်မှစပြီးတော့ နှစ်စဉ်တည်ထောင်လျက်ရှိပါတယ်။

ထို့အပြင် ဌာနအနေဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်နှင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်ရည်ရွယ်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) ရဲ့

အစီအစဉ်နဲ့ တောင်အာရှနဲ့အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြန်မာနိုင်ငံမှာ စွမ်းအင်မြင့် မီးဖိုများ ဖြန့်ဝေရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စတင်ပြီးတော့မှ ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် စီမံကိန်းတစ်ခုဖြစ်ပါတယ်။ အဆိုပါစီမံကိန်းမှ မြန်မာနိုင်ငံ အလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးသုံးခုမှာရှိတဲ့ ခရိုင်ခြောက်ခု မြို့နယ် ၂၇ မြို့နယ်တို့မှာ စီမံကိန်းကာလအတွင်း စွမ်းအားမြင့်မီးဖို စုစုပေါင်း ၅၄၀၀၀၀ လုံး အခမဲ့ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ စီမံကိန်းကရရှိတဲ့ ကာဗွန်လျှော့ချထုတ်လွှတ်မှု သက်သေခံချက် (Certified Emission Reduction) အား United Nations Framework Convention On Climate Change-UNFCCC) သို့ လျှောက်ထားရယူပြီးတော့ Carbon Credit အနေနဲ့ နိုင်ငံတော်မှ အချိုးကျခွဲဝေရရှိမှာဖြစ်ပါတယ်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၁၉၉၇-၁၉၉၈ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဇွန်လကုန်အထိ တိုင်းဒေသကြီးသုံးခုမှာ အေဝမ်းစွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း၊ လောင်စာတောင့်သုံးစွဲခြင်း၊ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ စံပြကျေးရွာထူထောင်ခြင်းတို့ကို Power Point မှာဖော်ပြထားပါအတိုင်း ဆောင်ရွက်ထားနိုင်ခဲ့ပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့လည်း သက်ဆိုင်ရာဒေသများအတွင်းမှာ ကာဗွန်ထုတ်လုပ်မှုလျှော့ချနိုင်ရေးအတွက် စွမ်းအားမြင့်မီးဖိုများဖြန့်ဝေခြင်း၊ ထင်းအစားထိုးအခြားလောင်စာသုံးစွဲခြင်းနဲ့ အသိပညာပေးလုပ်ငန်းများကို စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး သစ်တောဦးစီးဌာနအနေနဲ့ ထင်းလောင်စာအသုံးပြုမှု လျှော့ချနိုင်ရေးအတွက် ထင်းလောင်စာအသုံးပြုမှုနည်းပါးပြီး မီးခိုးထွက်ရှိမှုနည်းပါးတဲ့ စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်ရောင်းချလျက်ရှိပါကြောင်းနှင့် စွမ်းအားမြင့်မီးဖိုများ နေရာအနှံ့အပြားမှာ ထုတ်လုပ်ဖြန့်ဝေနိုင်ခြင်းရှိပါကြောင်း၊ ကျေးလက်ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားရေးအတွက် အေဝမ်းမီးဖိုထုတ်လုပ်တဲ့ သင်တန်းများအား ပို့ချဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့လည်း ထင်းအစားထိုး အခြားလောင်စာသုံးစွဲခြင်းနဲ့ အသိပညာပေးလုပ်ငန်းများကို လျှပ်စစ်မီးမရရှိနိုင်သေးတဲ့ဒေသများမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အေဝမ်းစွမ်းအား

မြှင့်မီးဖိုဖြန့်ဝေခြင်း ၃၈၁၈၂ လုံး၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၁၃၉၀၀၀ တန်၊ လောင်စာတောင့်သုံးစွဲခြင်း ၃၀၄၈၀၀၀ တုံး၊ အသိပညာပေးဟောပြောပွဲ ၂၁၂၂ ကြိမ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေကြီးမြေပုံမှန်ကန်ရေးအတွက် မည်ကဲ့သို့စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့နဲ့ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဆိုပြီးတော့ ကော်မတီနှစ်ခုရှိပါတယ်။ ဒီကော်မတီတွေကို ပြည်သူတွေက တိုင်လာတဲ့အခါကျရင် တိုင်ကြားစာတွေအပေါ်မှာ ဒီအဖွဲ့စုံ၊ ဝန်ကြီးဌာနအစုံဖွဲ့ထားတဲ့ အဖွဲ့တွေကနေ ဒီပြဿနာတွေကို ဖြေရှင်းရပြီဆိုရင် မြေကြီးနှင့်မြေပုံမှန်ကန်မှုအပေါ်မူတည်ပြီးတော့ ဥပဒေ၊ အမိန့်ကြော်ငြာစာတွေအရကို ဖြေရှင်းကြရတာဖြစ်ပါတယ်။ ဒီလိုမြေကြီးနဲ့ပတ်သက်တဲ့ မြေရာဇဝင်နဲ့ပတ်သက်တာ၊ မြေကြီးမြေပုံနှင့်ပတ်သက်ပြီးတော့ အထောက်အထားတွေတောင်းတဲ့အချိန်ဟာ အဲဒါအချိန်အကြာအမြင့်ဆုံးအချိန် ဖြစ်ပါတယ်။ ဒါကို ဘာကြောင့်လဲလို့လေ့လာဆန်းစစ်ဖို့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေကို လေ့လာကြည့်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ ပုဒ်မ ၅၂၀ မှာ မြေပုံဆိုတာ မြေပုံစာရင်းများရဲ့အညွှန်းဖြစ်ပြီးတော့ မြေတည်နေရာ၊ အရပ်၊ အတိုင်းအတာနှင့် နယ်နိမိတ်တွေကို ဖော်ပြတဲ့မှတ်တမ်းဖြစ်ပါတယ်။ အခွန်

မြေတိုင်းစာရေးတိုင်းဟာ မိမိအုပ်စုအတွင်းမှာရှိနေတဲ့ မြေမျက်နှာသွင်ပြင်ပြောင်းလဲသွားတာတွေအားလုံးကို အခွန်စည်းကြပ်သည်ဖြစ်တာကို ထိခိုက်သည်ဖြစ်စေ၊ မထိခိုက်သည်ဖြစ်စေ ကွင်းမြေပုံတွေအပေါ်မှာ ပြင်ဆင်မှတ်သားရပါတယ်။ အခွန်မြေတိုင်းစာရေးဟာ မြေတိုင်းတာခြင်း ပြောင်းလဲချက်များကို မှတ်သားဖို့အတွက်ကို မှင်နီနဲ့မှတ်သားပြီးတဲ့အခါကျရင် ၎င်းမြေပုံများကို ဆိုင်ရာနှစ်များအတွင်း ပြောင်းလဲခြင်းများကို စာရင်းနှင့်အတူ ခရိုင်လယ်/ဝန်ရုံးကို နှစ်စဉ်ဇူလိုင်လ ၁ ရက်နေ့ထက်နောက်မကျစေဘဲ ပေးပို့ရမည်လို့ ဖော်ပြထားပါတယ်။ မြေတိုင်းစာရေးဟာ နှစ်စဉ်ကွင်းဆင်းတဲ့အခါကွင်းမြေပုံအသီးသီးအပေါ်မှာ ကမွည်းပြင်ခြင်းနှင့် အခွန်စည်းကြပ်ရန် တိုင်းတာခြင်းတွေကို မြေပုံနှင့်မှတ်ပုံတင်စာရင်း(၁-ခ)ကို အမြဲတမ်းပြည့်စုံမှန်ကန်အောင် ပြုလုပ်ရမယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာ မြေတိုင်းစာရေးရဲ့အမြဲတမ်းမှန်ကန်အောင်လုပ်ရမယ့် ပုံမှန်လုပ်ရိုးလုပ်စဉ် ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခရိုင်ဝန်ဟာ ခရိုင်မြေစာရင်းဌာနလုပ်ငန်းများအတွက် အဓိကအားဖြင့် တာဝန်ရှိသူဖြစ်သည်လို့ တိတိကျကျဖော်ပြထားပါတယ်။ သို့သော် ပေးလိုသောအမိန့်များကို ခရိုင်လယ်/ဝန်မှတစ်ဆင့်ပေးရမည်လို့ ပြောပါတယ်။ ခရိုင်လယ်/ဝန်ဟာ ခရိုင်မြေစာရင်းဌာနကို ခရိုင်ဝန်ရဲ့ကြီးကြပ်အုပ်ချုပ်မှုကို နာခံပြီးတော့ စီမံခန့်ခွဲရမယ်လို့ ဖော်ပြထားပါတယ်။ ခရိုင်ဝန်ရဲ့အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ခရိုင်မြေစာရင်းဌာနလုပ်ငန်းတွေကို ဤမြေစာရင်းလက်စွဲဥပဒေ၌ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ဖို့၊ ကြည့်ရှုဖို့အတွက် ခရိုင်ဝန်မှာ တာဝန်ရှိတယ်လို့ ဖော်ပြထားပါတယ်။ လယ်/ဝန်ရဲ့အဓိကလုပ်ပိုင်ခွင့်တွေကတော့ နယ်ခြားမှတ်တိုင်တွေ စိုက်ထူခွင့်၊ ပြုပြင်ခွင့်နှင့် မည်သည့်မြေပေါ်မှာမဆို ဝင်ရောက်တိုင်းတာလို့ရပါတယ်။ အဲဒါကိုလည်း သူရဲ့လုပ်ပိုင်ခွင့်ကိုလည်း လွှဲပြောင်းပေးခွင့်ရှိပါတယ်။ လယ်ယာမြေတွေအပြင် နောက်ဆုံး ကျေးရွာအုပ်စုနယ်နိမိတ်တွေကို ဆုံးဖြတ်တဲ့နေရာမှာတောင် ကျေးရွာအုပ်စုအတွင်း ကွင်းများကို ခွဲစိတ်ခြင်းနှင့် မြေတိုင်းတာခြင်းဟာ မြေတိုင်းတာမှုသပ်သပ်ပဲ ဖြစ်ပါတယ်။ နယ်နိမိတ်တွေကို ဆုံးဖြတ်သတ်မှတ်တဲ့အခါကျမှပဲအုပ်ချုပ်ရေးနှင့်သက်ဆိုင်တာပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောကပြောတဲ့ ကော်မတီနှစ်ရပ်ဟာ မိမိတို့ရဲ့လုပ်ငန်းကို လုပ်ဆောင်ဖို့အတွက်ကို မြေစာရင်းမြေပုံနှင့် မြေရာဇဝင်ကို ယူတဲ့နေရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အတွက်ကြောင့် အချုပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ များစွာအနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မြေစာရင်းမှန်ကန်ဖို့အတွက်ကို လယ်ယာမြေစီမံခန့်ခွဲရေး

အဖွဲ့နှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့က ဘယ်လိုဆောင်ရွက်လဲဆိုတာ သိဖို့လိုနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအခက်အခဲတွေက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနက ဥပဒေပါတာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကိုပဲ အကောင်အထည်ဖော်တာ အားနည်းနေတာလား။ ဝန်ထမ်းမလုံလောက်တာလား။ ရှိတဲ့ဝန်ထမ်းကို ရှိသင့်တဲ့အရည်အချင်းပြည့်မီအောင်ပဲ အလုပ်မလုပ်ပေးနိုင်တာလား။ ဝန်ထမ်းကပဲ မကြိုးစားတာလား။ လိုအပ်တဲ့ဘတ်ဂျက်ကို လျာထားသုံးစွဲခြင်းမရှိလို့လား။ နည်းပညာကျွမ်းကျင်တဲ့ ဦးဆောင်သူမရှိလို့လား။ အဲဒီလိုမဟုတ်ရင် နည်းပညာရွေးချယ်မှုအပိုင်းမှာ ဆုံးဖြတ်ချက်မချနိုင်တာလား။ ဒါမှမဟုတ်ရင်လည်း ပြုပြင်ပြောင်းလဲချင်တဲ့ Political Will ပျောက်ဆုံးနေတာလားဆိုတာက ကျွန်တော်တို့အတွက် အမြဲတမ်းမေးခွန်းဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး(ခ)အတွတ်ရဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက စီမံလုပ်ကိုင်နေရတဲ့ မြေကြီးမြေပုံမှန်ကန်ရေးအတွက် လက်ရှိမည်ကဲ့သို့ စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ဦးလှကျော်မှ ပြန်လည်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန(ယခင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန) အနေနဲ့ အဓိကအားဖြင့် နိုင်ငံရဲ့လယ်ယာစိုက်ပျိုးမြေတွေ မြေကြီးမြေပုံမှန်ကန်ဖို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ကွင်းပေါင်း ၉၃၇၀၀ ကျော် ဧရိယာအားဖြင့် ဧရိယာဧက သန်း ၅၀.၅၇ ကျော်ကို ကွင်းဖွဲ့ပြီးတော့မှ ကွက်စိတ်မြေပုံတွေ ထုတ်ပေးထားပြီး ဖြစ်ပါတယ်။ အဲဒီကွက်စိတ်မြေပုံတွေဟာ ဦးပိုင်တစ်ခုချင်းအလိုက် စိုက်ပျိုးလုပ်ကိုင်တဲ့ဧရိယာတွေကို မှတ်တမ်းတင်စာရင်း ကောက်ယူပြုစုမှုဖြစ်ပါတယ်။ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုစာရင်းနှင့် မြေအသုံးချမှုစာရင်းများ မှန်ကန်စွာ စာရင်း

ကောက်ယူပြုစုနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း မြန်မာနိုင်ငံမြေစာရင်း လက်စွဲဥပဒေအခန်း(၁၉) မြေတိုင်းတာခြင်း ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်မှုဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုအချိန်အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသလို မိမိမြေပုံ မှန်ကန်ရေးဟာ အဓိကအရေးပါလှတဲ့အလျောက် လက်ရှိဆောင်ရွက်ရတဲ့လုပ်ငန်းရပ်တွေအတွက်ကို အခြေခံကျတဲ့လုပ်ငန်းစဉ်ကြီးဖြစ်တယ်ဆိုတာ မမှားပါဘူး။ မိမိတို့ မြေတိုင်းတာခြင်းဆောင်ရွက်တဲ့ အခါမှာ အခြေခံသဘောတရားမတူညီတဲ့ လုံးဝန်းတဲ့ကမ္ဘာ့မြေမျက်နှာပြင်ကို ညီညာပြန့်ပြူးတဲ့ စက္ကူပြင်ပေါ်မှာ ဖော်ပြနိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ တိုင်းတာတွက်ချက်ရေးဆွဲခြင်း ဖြစ်ပါတယ်။ မြေတိုင်းတာပုံထုတ်ပြီးတဲ့ မြေပုံတွေဟာ လူတို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ သဘာဝအကြောင်းတရားတွေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းတွေနဲ့ စိုက်ပျိုးမြေဧရိယာ တိုးချဲ့လုပ်ကိုင်မှုတွေအတွက် လက်ရှိ မြေပြင်အခြေအနေဟာလည်း အစဉ်ပြောင်းလဲမှုရှိပါတယ်။ ဒါကြောင့်လည်းပဲ အစဉ်အမြဲမှန်ကန်နိုင်ရေး အတွက် တိုင်းတာမှုကို ဆောင်ရွက်ရမယ့်အနေအထား ဖြစ်ပါတယ်။ မြေပြင်အခြေအနေနှင့် မြေပုံ အစဉ်အမြဲကိုက်ညီနေမှုဆိုတာကတော့ လွယ်ကူမှုမရှိနိုင်သော်လည်းပဲ မြေပြင်အခြေအနေနှင့် မြေပုံမှာ ဖော်ပြထားမှုများ ကွဲလွဲချက်မရှိစေဖို့ မြေကြီးမြေပုံကိုက်ညီမှန်ကန်ဖို့ မိမိတို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဟာ နှစ်စဉ်မြေတိုင်းစီမံချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေကြီး၊ မြေပုံ မှန်ကန်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ မိမိတို့ဌာနမှာ ခွဲဝေရရှိတဲ့ဘဏ္ဍာရန်ပုံငွေ၊ လက်ရှိဝန်ထမ်း ခန့်ထားမှုအခြေအနေအပေါ်မှာ အမှီပြုပြီးတော့မှ ဌာနရဲ့သုံးစွဲနိုင်တဲ့ ပစ္စည်းကိရိယာအင်အား တန်ဆာ ပလာတွေနဲ့ ဆောင်ရွက်နေရမှု အခြေအနေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကနေ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အထိ ကွင်းပေါင်း ၂၈၀၀၀ ကျော်ကို မြေတိုင်းတာဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ကွင်းပေါင်း ၅၀၀၀ ကျော်ကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြေကြီးမြေပုံမှန်ကန်မှုရှိဖို့ ဆောင်ရွက်တဲ့အခါမှာ ယခင်ကတော့ သမားရိုးကျ မြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲခြင်းစနစ်အနေနဲ့ ဆောင်ရွက်ခြင်းဖြစ်တဲ့အလျောက် လူအင်အားအသုံးပြုရမှု ရှိပါတယ်။ မြေပုံရေးဆွဲထုတ်လုပ်ရန်အတွက် အချိန်ကာလတွေလည်း ရယူရပါတယ်။ တိုင်းတာရရှိတဲ့မြေပုံတွေဟာလည်းပဲ စက္ကူမြေပုံတွေဖြစ်တဲ့

အတွက် မြေပြင်ပြောင်းလဲမှုအခြေအနေတွေကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ဖို့ အကန့်အသတ်တွေရှိနေတဲ့အတွက်ကြောင့် တိကျမှန်ကန်မှုအားနည်းခြင်းစတဲ့ အခြေအနေမျိုးများလည်း ရှိခဲ့ပါတယ်။ အဲဒီလိုအားနည်းချက်တွေကို ကျော်လွှားပြီးတော့မှ မိမိတို့နိုင်ငံတော်ကနေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ e-government လုပ်ငန်းနှင့် One Map Myanmar စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့လုပ်ငန်းများနှင့် ဆက်စပ်ပြီးတော့မှ အသုံးပြုဆောင်ရွက်နိုင်အောင်စီမံလုပ်ကိုင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ၂၀၁၃-၂၀၁၄ ခုနှစ်ကစပြီးတော့ ခေတ်မီမြေတိုင်းပစ္စည်းကိရိယာတွေ အသုံးပြုမြေတိုင်းတာမှုနှင့် မြေပုံရေးဆွဲခြင်းဆိုင်ရာနည်းစနစ်များနဲ့ UTM စနစ်သုံး ဒီဂျစ်တယ်မြေပုံတွေ တိုင်းတာထုတ်လုပ်မှုကို နှစ်စဉ်ရန်ပုံငွေခွင့်ပြုချက်အရ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အချိန်တိုအတွင်းမှာ မှန်ကန်တိကျတဲ့ ဒီဂျစ်တယ်မြေပုံကိုရဖို့အတွက်ကိုတော့ Remote Sensing and GIS နည်းပညာနဲ့အသုံးပြုပြီးတော့ ဂြိုလ်တုဓာတ်ပုံတွေ ရယူအသုံးပြုပြီးတော့ မြေပုံထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ မြေကြီးမြေပုံမှန်ကန်ရေးဆောင်ရွက်နိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလိုပဲ လိုအပ်ချက်အရဆိုရင် မိမိတို့မှာဝန်ထမ်းအင်အား၊ ခေတ်မီမြေတိုင်းကိရိယာနှင့် ဆက်စပ်ပစ္စည်းတွေ၊ ဘဏ္ဍာရန်ပုံငွေများစွာ ကျခံသုံးစွဲရမှုနဲ့ အချိန်ကာလလိုအပ်ချက်တွေရှိနေတဲ့ အနေအထားမှာလည်းပဲ ရှိတဲ့လက်ရှိဝန်ထမ်းအင်အားနဲ့ခွင့်ပြုရန်ပုံငွေများ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကိုလည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ လက်ရှိအသုံးပြုလျက်ရှိတဲ့ ကွင်းမြေပုံများ မြေကြီးနှင့်မြေပုံအစဉ်အမြဲမှန်ကန်မှုရှိမှ နိုင်ငံတော်ရဲ့မြေယာဆိုင်ရာမူဝါဒများချမှတ်တဲ့အခါ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေအခက်အခဲတွေကို ဖြေရှင်းပေးနေတဲ့အခါမှာ မြေအသုံးချမှုဆိုင်ရာစာရင်းအင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းအချက်အလက်တွေဟာ တိကျမှန်ကန်မှာဖြစ်တဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေနဲ့ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ဖို့၊ ဝန်ထမ်းအင်အား၊ ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး နှစ်စဉ်စီမံချက်တွေကို အထူးကြိုးစားချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာလည်းပဲ ဌာနရဲ့ဝန်ထမ်း

အင်အားဖွဲ့စည်းပုံတိုးမြှင့်ခွင့်ပြုချက်ကိုလည်း နိုင်ငံတော်အစိုးရက ခွင့်ပြုထားပြီးဖြစ်တဲ့အလျောက် မိမိတို့မှာရှိတဲ့ ဝန်ထမ်းအင်အားတွေကို အပြည့်အဝခန့်ထားနိုင်ပြီးတော့မှ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်းတွေကို ယခုထက် ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ မေးစရာရှိတယ်ဆိုရင်၊ ဆက်စပ်မေးခွန်းမေးမယ်ဆိုလို့ရှိရင် ဒီကတော့ ပြန်ကြည့် ပါတယ်။ အဲဒီအချိန်မှာ တစ်ခါတည်းထပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလို ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ စောစောက ဝန်ကြီးဖြေသွားတာ ရှိပါတယ်။ One Map Myanmar နှင့် Digital Map ကို သေသေချာချာလုပ်နေတယ်ဆိုတဲ့အကြောင်း၊ ဝန်ထမ်းတွေလည်း ထပ်မံဖြည့်စွက်ထားတယ်လို့ ပြောတဲ့ အတွက်ကြောင့် ဒီဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့လည်း One Map Myanmar နှင့် ချိတ်ဆက် ပြီးတော့ သုံးလို့ရအောင် နည်းပညာနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်မှုတွေ ဘယ်လိုလုပ်ထားလဲဆိုတာ လည်း ဆက်စပ်ပြီးတော့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပါမယ်။ မိမိတို့မှာ မြေတိုင်း သင်တန်းကျောင်းဆိုတာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်မှာ ဖွင့်လှစ်ထားပါတယ်။ ဝန်ထမ်း တွေမှာ ခွင့်ပြုအင်အားနှင့်အညီ အသုတ်လိုက်၊ အသုတ်လိုက် ကျွန်တော်တို့ခန့်ထားပြီးတာနဲ့တစ်ပြိုင်တည်း သင်တန်းကို အခြေခံသင်တန်းကစပြီးတော့ တိုက်ကြီးမှာရှိတဲ့ ဗဟိုမြေစာရင်းလေ့ကျင့်သင်တန်းကျောင်း မှာ သင်တန်းပေးလျက်ရှိပါတယ်။ ၎င်းကမှတစ်ဆင့် အဆင့်မြင့်တဲ့ဝန်ထမ်းတွေကိုလည်းပဲ အဆင့်မြင့် ပညာရပ်တွေ၊ အဆင့်မြင့်ပညာရပ်ဆိုတာကလည်းပဲ Remote Sensing and GIS နည်းပညာကို ထိတွေ့ဆက်စပ်ပြီးတော့ သုံးစွဲနိုင်တဲ့အခြေအနေမျိုးရဖို့အတွက်ကို စွမ်းရည်မြှင့်တင်တဲ့သင်တန်းတွေကို

ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လယ်ယာ၊ အိမ်၊ ခြံမြေတို့၏ နယ်နိမိတ်အငြင်းပွားမှုများကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်မေးမြန်းလိုသော မေးခွန်းမှာ နိုင်ငံအနှံ့ လူထုကြားတွင်ဖြစ်ပွားနေသော လယ်ယာ၊ အိမ်၊ ခြံမြေတို့၏ နယ်နိမိတ်အငြင်းပွားမှုများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ရပ်ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်ထောင်စုအစိုးရသို့ မဲဆန္ဒနယ်ရှင်များကိုယ်စား မေးမြန်းအပ်ပါကြောင်း ဖြစ်ပါတယ်။ မေးမြန်းဖို့ဖြစ်လာရခြင်း၏အကြောင်းကို တင်ပြလိုပါတယ်။ ကျွန်တော့်ထံသို့ မဲဆန္ဒရှင်အတော်များများမှ အိမ်နီးချင်းများနှင့် နယ်နိမိတ်ပြဿနာဖြစ်ခြင်း၊ အချို့ပြဿနာများမှာ လမ်းမြေကိုကျူးကျော်လာ၍ လမ်းကျဉ်းလာရကြောင်း၊ ပြည်သူတို့မှ တိုင်းထွာသတ်မှတ်ပေးစေလိုခြင်းတို့ကို တင်ပြကြပါတယ်။ သူတို့က ရပ်/ကျေး အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေထံ တင်ပြကြရာ ထိရောက်စွာဖြေရှင်းမပေးနိုင်တာ မြေစာရင်းဦးစီးဌာနသို့ စာတင်အကူအညီတောင်းရာတွင်လည်း ဆိုင်ရာတရားရုံး၌ အမှုလုပ်ရန် ညွှန်ကြားကြောင်း၊ တရားရုံးသို့ အမှုဖွင့်ရန် စုံစမ်းရာတွင်လည်း ဒီပြဿနာလောက်က မြေစာရင်းရုံးနဲ့ဆိုင်တယ်။ တရားမမှုဖွင့်ပါက အမှုစရိတ်ကုန်ကျကြမယ်။ အချိန်ကြာမယ်ဟုပြောကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးမှ ကူညီပါဟု တင်ပြလာကြတာဖြစ်ပါတယ်။ ဒါမျိုးက တစ်တိုင်းပြည်လုံးမှာဖြစ်နေကြောင်းကိုလည်း ကိုယ်စားလှယ်အချင်းချင်း ဆွေးနွေးကြရာမှ သိရှိရပါတယ်။ ကျွန်တော်မှ ဆိုင်ရာဌာနများနှင့် တာဝန်၊ လုပ်ပိုင်ခွင့်များအရ ပေါင်းစပ်ညှိနှိုင်းတဲ့အခါမှာ ဘောလီဘောအပုတ်ခံရပါတယ်ဆိုတဲ့ လူထုထင်မှတ်မှားရခြင်းအကြောင်းအရင်းကို ဖော်ထုတ်တွေ့ရှိလာခဲ့ရခြင်းဖြစ်ပါတယ်။ မြေစာရင်းက တိုင်းထွာပေးလို့မရခြင်းအကြောင်းအရင်းက ဆည်မြောင်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၅-၉-၂၀၁၆ နေ့စွဲပါ

စာအမှတ်(၇၀၀၂/၆သ(၁))အရ ဖြစ်ပါတယ်။ ယခုလို နယ်နိမိတ်ပြဿနာဖြစ်လို့ လူထုကတင်ပြလာလျှင် ညွှန်ကြားထားတာက မြန်မာနိုင်ငံ မြေစာရင်းလက်စွဲ ပုဒ်မ ၉၇၅ အရ တိုင်းတာခွင့်မပေးဘဲ သက်ဆိုင်ရာတရားရုံး၌ ဖြေရှင်းဆောင်ရွက်ကြစေရန်နှင့် တရားရုံးမှ ကြားနာစစ်ဆေးပြီး တိုင်းထွာရန် လိုအပ်သည်ဟု ယူဆပါက တရားမကျင့်ထုံးဥပဒေနှင့်အညီ မြေစာရင်းဝန်ထမ်းတစ်ဦးအား Commissioner အဖြစ်ခန့်အပ်ပြီး မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ ပုဒ်မ ၉၇၇ အရ မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်တောင်းခံ၍ တိုင်းထွာရန်ဆိုပြီးတော့မှ တွေ့ရှိရပါတယ်။ ဒီအတွက် တရားစီရင်ရေးအာဏာဘက်မှာကျတော့ မညွှန်ကြားထားဘူးလို့ မြို့နယ်တရားသူကြီးက ဆိုပါတယ်။ ဒါ့အပြင် Commissioner ခန့်ရမယ်ဆိုရင်လည်းပဲ သူ့ရဲ့ဝန်ထမ်းကိုပဲ ခန့်နိုင်မယ်။ မြေစာရင်းဝန်ထမ်းကိုတော့ ခန့်နိုင်မယ်မဟုတ်ဘူးလို့ ရှင်းပြပါတယ်။ ဌာနနှစ်ခုပေါင်းစပ်ဖြေရှင်းရမယ့် ကိစ္စကို သေချာပေါင်းစပ် ညှိနှိုင်းထားခြင်းလည်းမပြုခဲ့ဘဲ တရားရုံက တာဝန်ပေးခိုင်းလာပြီးမှ တစ်ခေါက်၊ ရုံးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်ထပ်တောင်းဦးဆိုတဲ့ သူတစ်လူငါတစ်မင်း ဆန်တဲ့ လုပ်ထုံးလုပ်နည်းမျိုးသည် လူထုအပေါ် ဘယ်လောက်ဝန်ထုပ်ဝန်ပိုးဖြစ်နေမလဲဆိုတာကို သုံးသပ်စေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က အသွင်မတူသော အုပ်ချုပ်ရေးမှသည် ဒီမိုကရေစီအုပ်ချုပ်ရေးကို ကူးပြောင်းနေကြတာ ဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုတာ လူထုကိုဗဟိုပြု စီမံကိန်းရေးဆွဲပြီးတော့ မျက်နှာမူဆက်ဆံရတာမို့ လူထုကိုဝန်ဆောင်မှုပေးရာမှာ မှန်ကန်၊ မျှတ၊ ချောမွေ့၊ မြန်ဆန်ဖို့ လိုအပ်ပါတယ်။ ဒါမှ လူထုဝန်ထုပ်ဝန်ပိုး မဖြစ်မှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်ဖို့ကိုလည်း ကျွန်တော်တို့သည် ရှိပြီးသားအမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို စိစစ်ပြီးပြောင်းပေးဖို့ လိုအပ်ပါတယ်။ ဒီလိုခိုင်လုံသောအကြောင်းများကြောင့် ဒီမေးခွန်းကို မေးမြန်းရပါကြောင်း လေးစားစွာတင်ပြလျက် ကျွန်တော့်ရဲ့မေးမြန်းခြင်းကဏ္ဍကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့မေးခွန်းအပေါ်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးရဲ့ သဘောထားဖြေကြားချက်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်း ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး တင်ပြရမယ်ဆိုရင် အောက်ခြေမြေပြင်မြို့နယ်၊ ကျေးရွာတွေမှာ မြေကိစ္စရှုပ်ထွေးမှုတွေဟာ မလျော်ကန်တဲ့ အတ္တနဲ့လောဘအခြေခံရလိုမှုတို့အပေါ်မှာ အခြေပြုပြီးတော့မှ အငြင်းပွားမှုတွေကနေ ပေါ်ပေါက်လာရတာဖြစ်ကြောင်း တွေ့ရပါတယ်။ ဒီလိုအငြင်းပွားမှုတွေကြောင့်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရမှုပေါ်ပေါက်တယ်လို့ သုံးသပ်ရပါတယ်။ လူတွေရဲ့ မလျော်မကန်ရလိုမှုတို့ကြောင့် လမ်းပေါ်တွေကို ကျူးကျော်တဲ့ကိစ္စ၊ မိမိနဲ့တစ်ဆက်တစ်စပ်တည်းရှိတဲ့ နယ်နိမိတ်ကို ကျူးကျော်တဲ့ကိစ္စ၊ အရပ်စကားပြောရရင် မြေခိုးတဲ့ကိစ္စများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒီလိုကိစ္စရပ်တွေမှာ ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် မိမိရဲ့အတွေ့အကြုံအရ နှစ်စဉ်မိဘနဲ့သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း၊ တစ်ရပ်ထဲအတူနေသူတွေအချင်းချင်း အငြင်းပွားမှုတွေဖြစ်နေတဲ့ Case အကြောင်းအချင်းအရာတွေနဲ့လည်းပဲ မိမိတို့ဝန်ကြီးဌာနကို စာတွေရောက်ရှိတိုင်ကြားမှုတွေလည်း ရှိပါတယ်။ အဲဒီလို အချင်းချင်းအငြင်းပွားမှုတွေဟာ ညှိနှိုင်းဖြေရှင်းမရတဲ့အဆုံး တရားရုံးရောက် တရားရင်ဆိုင်ဖြေရှင်းရတဲ့အထိ ဖြစ်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာနဲ့ပတ်သက်ပြီးတော့မှ လယ်ယာမြေ၊ အိမ်ခြံမြေတို့နှင့် နယ်နိမိတ်အငြင်းပွားမှုနှင့်စပ်လျဉ်းပြီးတော့ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွေအပေါ်မှာ မိမိအနေနဲ့ ခွဲခြမ်းစိတ်ဖြာရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ မြေနယ်နိမိတ်တိုင်းတာမှုတွေကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီတွေက ဆောင်ရွက်ရပါတယ်။ ကျန်ရှိတဲ့ မြို့မြေ၊ ရွာမြေနှင့်စိုက်ပျိုးမြေစတဲ့မြေတွေကိုတော့ အားလုံးသိတဲ့အတိုင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဆောင်ရွက်လျက်ရှိပါတယ်။ အများပြည်သူအကျိုးငှာ ပြင်ပပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းတွေကဝင်းတို့တရားဝင်ပိုင်ဆိုင်တဲ့ အိမ်ခြံမြေတွေရဲ့မြေနယ်နိမိတ်များတိုင်းတာပေးဖို့ လျှောက်ထားလာတဲ့

ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အငြင်းပွားမှုမရှိတဲ့ကိစ္စရပ်တွေအတွက်ကတော့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၉၇၁၊ အပိုဒ် ၉၇၂ နှင့် အပိုဒ် ၉၇၃ ပါပြဋ္ဌာန်းချက်တွေအရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရဲ့ခွင့်ပြုမိန့်ရယူဆောင်ရွက်ပြီး မြေတိုင်းတာဆောင်ရွက်မှုရှိပါတယ်။ လယ်ယာမြေဆိုတဲ့စကားရပ်မှာ အကျုံးဝင်တဲ့မြေတွေကိုတော့ တောင်သူလယ်သမားတစ်ဦးကျ ၎င်းရဲ့ဦးပိုင်ခြံနယ်နိမိတ်တွေကို မြေပုံပေါ်မှာပြသပေးဖို့ တင်ပြတဲ့ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး မြေစာရင်းလက်စွဲဥပဒေ အပိုဒ် ၉၇၄ ပါ ပြဋ္ဌာန်းချက်အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဦးပိုင်ခြားနယ်နိမိတ်ကို ပြသပေးပါတယ်။ မြို့မြေ၊ ရွာမြေတွေအတွက် ပိုင်ဆိုင်မှုအငြင်းပွားမှုရှိတဲ့ မြေနယ်နိမိတ်များတိုင်းတာပေးဖို့ လျှောက်ထားလာတဲ့ကိစ္စရပ်တွေနဲ့စပ်လျဉ်းပြီး မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၉၇၅ မှာ အခွန်မြေတိုင်းစာရေးများက ဦးပိုင်ခြားနယ်နိမိတ်ကို ပြသခြင်း သို့မဟုတ် ဦးပိုင်ခြားနယ်နိမိတ်ကို တိုင်းတာသတ်မှတ်ပေးခြင်းစသည့်ကိစ္စရပ်တွေမှာ မှန်ခြင်းမရှိတဲ့မြေပုံကို အခြေပြုမိလို့ရှိလျှင် မတရားတဲ့ပိုင်ဆိုင်မှုများ ဖြစ်တတ်မှုကြောင့် ဦးပိုင်ခြားနယ်နိမိတ်ကို တိုင်းတာသတ်မှတ်ပေးရန်လျှောက်ထားခြင်းကို သာမန်အားဖြင့်ငြင်းပယ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်တဲ့အတွက် မြေနယ်နိမိတ်အငြင်းပွားနေတဲ့ကာယကံရှင်တွေအနေနဲ့ ၎င်းတို့ရဲ့ မြေပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာတရားရုံးမှာ ဖြေရှင်းဆောင်ရွက်ကြရတဲ့အခြေအနေမျိုးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်နိမိတ်အငြင်းပွားတဲ့မြေတွေအပေါ်မှာ မြေတိုင်းတာပေးခြင်းနှင့်ပတ်သက်ပြီး ၁၉၀၈ ခုနှစ်၊ တရားမကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ယင်းဥပဒေကဏ္ဍအမှတ် ၂၆၊ နည်းဥပဒေ ၉ မှာ အငြင်းပွားတဲ့အကြောင်းအရာတစ်ရပ်ရပ်ကို ရှင်းလင်းထင်ရှားအောင်ပြုလုပ်ဖို့ဖြစ်စေ၊ စိစစ်ရန်ဖြစ်စေ နယ်နိမိတ်အငြင်းပွားမှုတွေ၊ မည်သည့်မြေဖြစ်ကြောင်းအငြင်းပွားတဲ့အမှုတွေမှာ ဒေသန္တရစုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ကြောင်း၊ ဒေသန္တရ စုံစမ်းစစ်ဆေးမှုကိုတရားရုံးကမိမိသဘောအတိုင်း ခွင့်ပြုနိုင်ကြောင်း၊ တရားမမှု သို့မဟုတ် မှုခင်းကိစ္စတစ်ခုခုမှာမြေပေါ်ကိုသွားရောက်စုံစမ်းဖို့လိုအပ်လျှင် သက်ဆိုင်ရာတရားရုံးက ခရိုင်လယ်ဝန် သို့မဟုတ် ၎င်းရဲ့လက်အောက်မှာရှိတဲ့ အရာရှိတစ်ဦးဦးကို ယင်းကိစ္စဆောင်ရွက်ရန်အလို့ငှာ ပုဂ္ဂိုလ်အဖြစ်မခန့်ထားမီမှာ ရွေးချယ်ထားတဲ့အရာရှိကို ခန့်ထားနိုင်ဖို့အတွက် ခွင့်ပြုချက်ရယူဖို့၊ ယင်းသို့ဆောင်ရွက်ပေးခြင်းအတွက် အခကြေးငွေရယူခွင့်ပြုရန်အလို့ငှာ ကော်လိတ်တော်အရာရှိမှတစ်ဆင့်

ကျေးတိုင်နှင့်မြေစာရင်းမင်းကြီးထံ အမိန့်တောင်းယူရမှာဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိမှုနှင့်အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ တရားရုံးများလက်စွဲဥပဒေ အပိုဒ်-၂၉၂ (The Courts Manual Section 292) မှာလည်းပဲ တရားမမှု သို့မဟုတ် မှုခင်းတစ်ရပ်ရပ်မှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆ နည်း ၉ မှာ ဖော်ပြထားတဲ့ကိစ္စတစ်ရပ်ရပ်အတွက် ဒေသန္တရစုံစမ်းစစ်ဆေးဖို့ လိုအပ်လာတယ်လို့ ထင်မြင်လာရင် လယ်ဝန်ထံသို့ဖြစ်စေ၊ ၎င်း၏လက်အောက်ခံအရာရှိထံဖြစ်စေ ကော်မရှင်အမိန့်စာကို မထုတ်ပေးသေးမီ ရွေးချယ်ထားတဲ့အရာရှိကို ကော်မရှင်လူကြီးအဖြစ်ခန့်အပ်ဖို့နှင့် ကော်မရှင်အမိန့်ကို အတည်ပြုဆောင်ရွက်ဖို့အတွက် အခငွေကို ထိုအရာရှိက လက်ခံရယူနိုင်စေဖို့ ခွင့်ပြုချက်ကို ကော်လိတ်တော်အရာရှိမှတဆင့် မြန်မာနိုင်ငံ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကနေပြီးတော့ တရားရုံးကရယူမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ နယ်နိမိတ်အငြင်းပွားမှုကိစ္စရပ်တွေမှာ မြေတိုင်းတာပေးဖို့ မြေတိုင်းကော်မရှင်နာခန့်အပ်ကြောင်းကို သက်ဆိုင်ရာတရားရုံးကနေပြီးတော့ တရားမပုံစံ ၆၀ နဲ့အကြောင်းကြားလာမယ်ဆိုရင် ဌာနရဲ့စာရင်းမြေပုံမှတ်တမ်းတွေအပေါ်မှာ အခြေခံပြီးတော့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ယခင်ကျေးတိုင်နှင့် မြေစာရင်းမင်းကြီး ယခုညွှန်ကြားရေးမှူးချုပ်ရဲ့ ခွင့်ပြုမိန့်နဲ့ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၉၇၇ အရ မြေတိုင်းတာဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ နယ်နိမိတ်အငြင်းပွားတဲ့ ကိစ္စရပ်တွေအတွက် မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆၊ နည်းဥပဒေ ၉ ပါ ပြဋ္ဌာန်းချက်တွေနှင့်အတူ တရားရုံးလက်စွဲဥပဒေ အပိုဒ် ၂၉၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာတရားရုံးများနှင့် ဥပဒေနှင့်အညီ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အငြင်းပွားမှုမရှိတဲ့ကိစ္စရပ်တွေအတွက်တော့ သက်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းတွေမှ ၎င်းတို့ပိုင်ဆိုင်တဲ့မြေနယ်နိမိတ်ကို တိုင်းတာပေးဖို့ လျှောက်ထားလာလို့ရှိလျှင် တရားရုံးများကို တင်ပြလျှောက်ထားရန်မလိုဘဲ မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေတိုင်းတာပေးတဲ့အခါမှာ ညွှန်ကြားရေးမှူးချုပ်ရဲ့ ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်းကတော့ တရားမကျင့်ထုံးဥပဒေနှင့် တရားရုံး

လက်စွဲဥပဒေအရဆောင်ရွက်ခြင်းမှာ နယ်နိမိတ်တိုင်းတာမှု လွဲမှားသွားလို့ရှိရင်တော့ သက်ဆိုင်ရာ ကာယကံရှင်တွေ နစ်နာသွားနိုင်တဲ့အတွက် တိကျမှန်ကန်မှုဖြစ်စေဖို့ တည်ဆဲဥပဒေနှင့်အညီ ထိန်းကျောင်းပြီးတော့မှ လုပ်ငန်းစဉ်အတိုင်း အဆင့်ဆင့်ဆောင်ရွက်ကြရတဲ့ အနေအထားဖြစ်တဲ့ အလျောက် လုပ်ထုံးလုပ်နည်း ထပ်မံဖော်ထုတ်ဖို့ လိုအပ်မှုရှိမည်မဟုတ်ပါကြောင်း လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖြေကြားပေးသော ကျွန်တော်တို့ ဒုတိယဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်အပ်ပါတယ်။ ကျွန်တော် မေးခွန်းမေးတဲ့နေရာမှာ အသုံးအနှုန်းကို ချင့်ချိန်ပြီးတော့ ရေးလိုက်ရလို့ဖြစ်ပါတယ်။ တကယ်တော့ လယ်ယာမြေအငြင်းပွားမှုကို လယ်/စီအဖွဲ့တွေနဲ့ စစ်ဆေးနေတာလည်း သိပါတယ်။ ဒါပေမဲ့ အဓိက ကျွန်တော်ပြောချင်တာက အိမ်နီးနားချင်းအချင်းချင်း မြေခိုးတဲ့ပြဿနာပါ။ ဒါက ငါ့မြေကို ခြောက်လက်မ လောက်တော့ ကျော်ပြီးစိုက်ထားတယ်။ စသည်ဖြင့် အချင်းချင်းကြားမှာ အဲဒီလို မညီမညွတ်တွေဖြစ်နေ ရတာ ဖြေရှင်းဖို့အတွက်ကိုကျတော့လည်း ခုနပြောသလို လုပ်ထုံးလုပ်နည်းကြီးတွေက အဆင့်ဆင့်တွေ များလွန်းတဲ့အခါကျတော့ ပြည်သူဟာ ဒါကို မလုပ်ချင်ကြတော့ဘူး။ အချင်းချင်းက ကျေနပ်သလား ဆိုတော့လည်း မကျေနပ်ဘူး။ ရင်ထဲမှာ တအုံနွေးနွေးနဲ့ အိမ်ချင်းသာကပ်နေကြတာ တစ်ယောက်နှင့် တစ်ယောက် မတည့်ကြတာတွေ များပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်က နှစ်ဦးနှစ်ဖက်ပြေလည် တယ်။ မြေစာရင်းရုံးမြေပုံနှင့် တိုင်းလိုက်ရုံလေးနဲ့ နယ်နိမိတ်အမှန်ထွက်လာမယ့်ကိစ္စကြီးကို နှစ်ဦးနှစ်ဖက်ကျေနပ်ကြောင်း လက်မှတ်ထိုးလို့ရှိရင် တောင်မှ တရားရုံးသွားလို့ပဲပြောနေတာဖြစ်တဲ့ အတွက် ဒီမေးခွန်းကို ကျွန်တော်မေးလာရခြင်း ဖြစ်ပါတယ်။ တကယ်မို့လို့များ နှစ်ဦးနှစ်ဖက်က မြေစာရင်းရုံးက လာတိုင်းထွာပြီးလို့ရှိရင်တော့ သတ်မှတ်ပေးတဲ့နယ်နိမိတ်ကို ကျေနပ်လက်ခံပါတယ် ဆိုရင် ကျွန်တော်တို့ ဒီလိုနည်းလမ်းနဲ့ကော ဖြေရှင်းပေးနိုင်ခြင်းရှိ/မရှိကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားပါ့မယ်။

နှစ်ဦးနှင့်နှစ်ဖက်ညှိနှိုင်းပြီးတော့ ပြေလည်သွားမယ်ဆိုတဲ့ကိစ္စရပ် တစ်ခုဟာ ဒီမြေတိုင်းတာမှုအတွက် အငြင်းပွားမှုမဖြစ်ခင်တည်းက ရှိသင့်တဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအငြင်းပွားမှု ကိစ္စဖြစ်ပေါ်လာပြီးတဲ့အချိန်မှာ အခုလို နှစ်ဦးနှစ်ဖက် ပြေလည်စွာနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ် ဆိုရင်တော့ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ဒါကိုလည်းပဲ မိမိတို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကနေပြီးတော့မှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်ပေးသွားနိုင်မယ့် အခြေအနေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သမဝါယမဦးစီးဌာနဝန်ထမ်းများက သမဝါယမဘဏ်(CB ဘဏ်)တွင် ထည့်ဝင်ထားသော အစုရှယ်ယာ ငွေများအပေါ် နှစ်စဉ်အမြတ်ခွဲဝေပေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်း များ၏ ငွေစုဘဏ်စာရင်းရှိ စုဆောင်းငွေများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း လိုတာက သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် သမဝါယမအသင်းများက ထည့်ဝင်ထားတဲ့ အစုရှယ်ယာငွေများအပေါ် နှစ်စဉ်အမြတ်ငွေခွဲဝေမှုရှိ/မရှိနှင့် စာရင်းရှင်းလင်းဖျက်သိမ်းပြီးသော သမဝါယမအသင်းများရဲ့ ငွေစုဘဏ်စုဆောင်းငွေများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း သိရှိလို ခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဘဏ်ကြီးတစ်ခု အနေနဲ့ တည်ရှိနေတဲ့ CB Bank ဟာ မူလသမဝါယမဘဏ်၊ သမဝါယမမြှင့်တင်ရေးဘဏ်၊ သမဝါယမ တောင်သူလယ်သမားဘဏ် ဒီဘဏ်သုံးဘဏ်ကိုပေါင်းထားတာဖြစ်ပါတယ်။ ၁၉၉၆-၁၉၉၇ ခုနှစ်က သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနဝန်ထမ်းများရဲ့ လစာ ၁၀ ရာခိုင်နှုန်းကို ၁၀ လ ဖြတ်တောက်ပြီး သမဝါယမမြှင့်တင်ရေးဘဏ်မှာ အစုရှယ်ယာထည့်ဝင်ခဲ့ရပါတယ်။ အခြေခံ သမဝါယမအသင်းများကလည်း သမဝါယမတောင်သူလယ်သမားဘဏ်မှာ ငွေစုဘဏ်ဖွင့်လှစ်ပြီး

အနည်းဆုံးစုဆောင်းငွေ ၅၀၀ ကျပ် စုဆောင်းခဲ့ရပါတယ်။ ဒီလိုနဲ့ သမဝါယမဘဏ်လုပ်ငန်း စတင်ခဲ့တာဖြစ်ပါတယ်။ ယခုနောက်ပိုင်းမှာ CB Bank အနေနဲ့ ရပ်တည်လာတဲ့အခါမှာ သမဝါယမ အသင်းများက အနည်းဆုံးအစုရှယ်ယာငွေ တစ်သိန်းကျပ် ထည့်ဝင်ကြပါတယ်။ အဲဒီအစုရှယ်ယာ အနည်းဆုံး တစ်သိန်းကျပ် ထည့်ဝင်ကြတဲ့ သမဝါယမအသင်းများကို ကျွန်တော် အခုမေးခွန်းမေးစဉ် ကာလအတွင်းမှာ နှစ်စဉ်ရရှိတဲ့အမြတ်ငွေများကို ထုတ်ပေးကြောင်းသိရှိရပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်က အစုရှယ်ယာထည့်ဝင်ခဲ့ကြသူများကတော့ ကာလကြာပြီဖြစ်တဲ့အတွက် မိမိတို့ အစုရှယ်ယာဘယ်လောက်ထည့်တယ်ဆိုတာကိုလည်း မသိကြဘူး။ နှစ်စဉ် အမြတ်ခွဲဝေ ဘယ်လောက် ရတယ်ဆိုတာကိုလည်း မသိရှိပါဘူး။ အစုရှယ်ယာရှင်များကို အစုရှယ်ယာ Certificate ပေးထားခြင်း မရှိတဲ့အတွက် အစုရှယ်ယာရှင်ဝန်ထမ်း သေဆုံးသွားတဲ့အခါမှာ ကျန်ရစ်သူမိသားစုများက အစု ရှယ်ယာအမွေဆက်ခံပိုင်ခွင့်ဆုံးရှုံးလျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၆-၁၉၉၇ ခုနှစ် သမဝါယမမြှင့်တင်ရေးဘဏ်မှာ အစုရှယ်ယာဖြန့်စဉ် ကာလဟာ ဝန်ထမ်းများရဲ့လစာဟာ ထောင်ဂဏန်းသာရရှိပါတယ်။ တစ်နှစ်ပြည့်တိုင်းပြည့်တိုင်း မူလ အစုရှယ်ယာရရှိတဲ့ အမြတ်ငွေတွေကို ထပ်ပေါင်းဖြည့်သွားမယ်လို့လည်း မရေမရာသိရှိခဲ့ရပါတယ်။ နိဂုံးချုပ်အနေနဲ့ မေးမြန်းလိုတာက သမဝါယမမြှင့်တင်ရေးဘဏ် ယခု CB Bank မှာ အစုရှယ်ယာ ထည့်ဝင်ခဲ့သူ သမဝါယမဦးစီးဝန်ထမ်းတစ်ဦးချင်းအလိုက် အစုရှယ်ယာတန်ဖိုး မည်မျှရှိကြောင်းနှင့် အသေးစိတ်စာရင်းထုတ်ပြန်ကြေညာပေးခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း၊ ဝန်ထမ်းများရဲ့အနာဂတ် ဘဝအဆင်ပြေရေးအတွက် မူလအစုရှယ်ယာတန်ဖိုးအပေါ် နှစ်စဉ်အမြတ်ငွေ ခွဲဝေမှုတန်ဖိုးရဲ့ အချိုး အစားမည်မျှကို ထပ်ပေါင်းပေးပြီး အချိုးအစားမည်မျှကို ငွေသားဖြင့် အတိုးထုတ်ပေးမည်စသည့် မူဝါဒရှိ/မရှိ သိရှိလိုခြင်း၊ ၁၉၉၆-၁၉၉၇ ခုနှစ်မှစတင်ပြီး နှစ်ပေါင်း ၂၀ ကျော် အမြတ်ခွဲဝေမှုလုံးဝ မရရှိသူများအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို တိကျစွာ သိရှိလိုခြင်း၊ စာရင်းရှင်းဖျက်သိမ်း သွားသော သမဝါယမအသင်းများရဲ့ သမဝါယမတောင်သူလယ်သမားဘဏ် ယခု CB Bank မှာ ရှိခဲ့တဲ့ စုဆောင်းငွေများကို မည်သို့စီမံထားရှိကြောင်း သိရှိလိုခြင်းတို့ပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်၏ မေးခွန်းအပေါ် အပိုင်းသုံးပိုင်းခွဲပြီး ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းပထမပိုင်းအနေဖြင့် သမဝါယမဘဏ် အစုရှယ်ယာထည့်ဝင်ခြင်းနှင့်ပတ်သက်ပြီး ဦးစွာရှင်းလင်းဖြေကြားပါ့မယ်။ သမဝါယမဘဏ်လီမိတက်ရဲ့ အသင်းအဖွဲ့မှတ်တမ်းနှင့် အသင်းအဖွဲ့စည်းမျဉ်းအရ လွန်ခဲ့တဲ့ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ သမဝါယမဘဏ်လီမိတက်က အစုရှယ်ယာရှင်တွေအတွက် ၄၇ စု၊ အစုရှယ်ယာအရေအတွက် ၅၁၀၆၂ စု၊ မတည်ငွေရင်းကျပ် ၅၁၀၆.၂၀ သိန်းရှိခဲ့ပါတယ်။ တောင်သူလယ်သမားများ သမဝါယမဘဏ်လီမိတက်မှ အစုရှယ်ယာရှင်အရေအတွက် ၂၅ စု၊ အစုရှယ်ယာအရေအတွက် ၆၅၀၅၀ စု၊ မတည်ငွေရင်းကျပ် ၆၅၀၅.၀၀ သိန်း၊ သမဝါယမမြှင့်တင်ရေးဘဏ်လိမိတက်မှ အစုရှယ်ယာရှင်အရေအတွက် ၂၇ စု၊ အစုရှယ်ယာအရေအတွက် ၁၃၇၅၀ စု၊ မတည်ငွေရင်းကျပ် ၁၃၇၅.၀၀ သိန်း စုစုပေါင်းအစုရှယ်ယာရှင်အရေအတွက် ၉၉ စု၊ အစုရှယ်ယာအရေအတွက် ၁၂၉၈၆၂ စု၊ မတည်ငွေရင်းကျပ် ၁၂၉၈၆.၂၀ သိန်းကို ပူးပေါင်းထည့်ဝင်ထားခဲ့ပြီး အစုတစ်စုကို ကျပ် ၁၀၀၀၀ နှုန်းဖြင့် ကနဦးဘဏ်တည်ထောင်သူတွေရဲ့ အစုရှယ်ယာဆိုပြီး သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုကနေ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများရဲ့ အစုရှင် ၁၄ ဦးကနေ အစုရှယ်ယာ ၁၇၂၅၅ စုနှင့် သမဝါယမအသင်း ၉၁၆၀ အသင်းမှ အစုရှယ်ယာ ၁၂၄၂၃၃ စု စုစုပေါင်းအစုရှယ်ယာ ၁၄၁၄၈၈ စုရဲ့ အစုရှယ်ယာတန်ဖိုးဟာ ကျပ် ၁၄၁၄.၈၈ သန်း ထည့်ဝင်ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ အစုရှယ်ယာအပေါ် နှစ်စဉ်အမြတ်ခွဲဝေမှု အခြေအနေကို ဆက်လက်ရှင်းလင်းတင်ပြပေးပါ့မယ်။ မူလအစုရှယ်ယာအပေါ်မှာ နှစ်စဉ်အမြတ်ခွဲဝေမှု တန်ဖိုးရဲ့ အချိုးအစားကို ငွေသားနဲ့ ထုတ်ပေးလျက်ရှိပါတယ်။ အစုပေါ်အမြတ်နှင့်စပ်လျဉ်းပြီး ၂၀၀၄-၂၀၀၅ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ ၁၅ ရာခိုင်နှုန်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်မှာ ၁၇ ရာခိုင်နှုန်း၊

၂၀၀၇-၂၀၀၈ ခုနှစ်မှာ ၂၂ ရာခိုင်နှုန်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ၂၀ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ၂၁ ရာခိုင်နှုန်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ၂၁.၂၅ ရာခိုင်နှုန်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၆ ရာခိုင်နှုန်းစသဖြင့် ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၆ ရာခိုင်နှုန်းဖြင့် အစုပေါ်အမြတ်ကျပ် ၈၄၈.၉၂ သိန်းကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး အစုပေါ်အမြတ်မပေးနိုင်ခဲ့တဲ့ အခြေအနေရှိပါတယ်။ အခြေအနေကတော့ CB Bank Plc. ကနေပြီးတော့ နှစ်စဉ်အပ်နှံငွေ (Deposit)တွေ တိုးတက်များပြားလျက်ရှိပြီးတော့ ဘဏ်ရဲ့နှစ်စဉ်အမြတ်ရရှိမှုဟာ ပိုမိုတိုးတက်များပြားလာသော်လည်းပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ သတ်မှတ်ထားတဲ့စံနှုန်းများနှင့်အညီ လိုအပ်ချက်များ ပြည့်မီအောင် အဆင့်မြင့်လုပ်ဆောင်ရခြင်းများကြောင့် ဘဏ္ဍာရေးနှစ် နှစ်နှစ်စာအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ အမြတ်ခွဲဝေခွင့်မရရှိခဲ့မှုဖြစ်ကြောင်း စိစစ်သိရှိရပါတယ်။ သို့ရာတွင်လည်းပဲ CB Bank Plc. ရဲ့အစုရှယ်ယာရှင်များအနေနဲ့ အစုပေါ်အမြတ်မရရှိသော်လည်းပဲ အဲဒီအမြတ်ငွေတွေကို ဘဏ်ရဲ့ ပိုလျှံအရံငွေများမှာ ထည့်သွင်းစုဆောင်းထားခြင်း၊ ဘဏ်ရဲ့အသားတင်ပိုင်ဆိုင်မှုတန်ဖိုးများ တိုးတက်လာခြင်းတွေကြောင့် အစုရှယ်ယာတစ်ခုရဲ့ အသားတင်ပိုင်ဆိုင်မှုတန်ဖိုးများ တိုးတက်လာမယ့် အခြေအနေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ သမဝါယမအသင်း ၁၇၆၂ သင်းမှ အစုရှယ်ယာ ၂၂၇၄၆ စုအတွက် အစုအပေါ်အမြတ်ကျပ် ၁၃၆.၄၇၆ သိန်းကို အသင်းအမှုဆောင်များကိုယ်တိုင် မြို့နယ်အလိုက်ထုတ်ယူခဲ့ပြီး အခြေခံအသင်းများအား အစုရှယ်ယာပေါ်မူတည်ပြီး ခွဲဝေပေးခဲ့ပါတယ်။ သမဝါယမဦးစီးဌာနဝန်ထမ်းများအတွက် အစုရှယ်ယာ ၁၁၆၃ စုအတွက် အစုပေါ်အမြတ် ကျပ် ၆.၉၇၈ သိန်းကို ဦးစီးဌာနတာဝန်ရှိသူဝန်ထမ်းများက ထုတ်ယူပြီးတော့ မြို့နယ်အလိုက် အစုရှယ်ယာပေါ်မူတည်ပြီး ပြန်လည်ခွဲဝေပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ တတိယပိုင်းအနေနဲ့ စာရင်းရှင်းလင်းပြီးသော သမဝါယမအသင်းတွေရဲ့ ငွေစုဘဏ်စာရင်းမှာရှိတဲ့ စုဆောင်းငွေများနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါ့မယ်။ CB Bank မှာ အစုရှယ်ယာထည့်ဝင်ထားတဲ့ သမဝါယမအသင်းတွေကို စာရင်းရှင်းလင်းဖျက်သိမ်းပြီးတဲ့အခါ ၎င်းတို့ CB Bank မှာ ထည့်ဝင်ထားတဲ့

အစုရှယ်ယာတန်ဖိုးတွေကို ငွေကြေးတတ်နိုင်တဲ့ အခြေခံသမဝါယမအသင်းများ၊ တစ်ဆင့်မြင့်မြို့နယ် သမဝါယမအသင်းစုများ၊ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်တို့မှ ပြန်လည်ဝယ်ယူခဲ့ပါတယ်။ စာရင်းရှင်းတဲ့တာဝန်ခံများအနေနဲ့လည်း CB Bank အစုရှယ်ယာများပြန်လည် ရောင်းချရတဲ့ ငွေတွေကို စာရင်းရှင်းလုပ်ထုံးလုပ်နည်းနှင့်အညီ ပေးဖို့၊ ရဖို့ ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုက CB Bank အစုရှယ်ယာထည့်ဝင်ထားတဲ့ စာရင်းရှင်းလင်းဖျက်သိမ်းခဲ့တဲ့ သမဝါယမအသင်း ၃၉၆ သင်းရဲ့ CB Bank အစုရှယ်ယာ ၂၅၇၉ စုကို အခြေခံသမဝါယမအသင်းအချင်းချင်းကို ၇၇၁ စု၊ တစ်ဆင့်မြင့် မြို့နယ်သမဝါယမအသင်းစုတွေကို ၁၆၅၉ စု နှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်တွေကို ၁၄၉ စု လွှဲပြောင်းရောင်းချခဲ့ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးပြု၍ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခု ကျွန်တော်မေးလိုက်တဲ့မေးခွန်းဟာ မြေပြင်မှာ တကယ်ကိုမရရှိတဲ့ သူတွေ ရှိနေလို့မို့လို့ မေးခြင်းဖြစ်ပါတယ်။ ဝန်ကြီးဖြေတဲ့အထဲမှာ ကျွန်တော်တို့က ဝန်ထမ်းတွေကို အဆင့်ဆင့် နှစ်လိုက်နှစ်လိုက် အတိုးတွေတွက်ချက်ပြီးတော့ တိုးမြှင့်ပေးတယ်ဆိုတာကို သိရပါတယ်။ ဒါပေမဲ့ ကျွန်တော် မေးတဲ့မေးခွန်းမှာ နံပါတ်(၁)အနေနဲ့ ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဝန်ထမ်းတွေက ဒီသမဝါယမဘဏ်ကြီးဖြစ်ပေါ်ဖို့ အရေးအတွက် ပထမဦးဆုံးချွေးနဲစာကနေပြီးတော့ ရုန်းကန်ပြီးတော့ မတည်လုပ်ပေးရတဲ့လူတွေကိုတော့ လေးစားတန်ဖိုးထားသင့်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီထည့်ဝင်ထားတဲ့လူတွေရဲ့ အသေးစိတ်စာရင်း တစ်မြို့နယ်မှာ ဘယ်လောက်မှမရှိကြပါဘူး။ တစ်ဦးချင်းရဲ့တန်ဖိုးတွေ နောက်တစ်ခါ ကျွန်တော်တို့က လက်ရှိမရသေးတာကလည်း နှစ်ပေါင်း ၂၀ အထိ မရသေးတဲ့လူတွေ ရှိနေပါတယ်။ အဲဒါတွေကိုလည်း ဘယ်လိုရှင်းမလဲဆိုတာကိုလည်း အတိအကျသိချင်ပါတယ်။ ဒီ CB Bank ကြီးဟာတော့ တကယ့်ကို အဆင့်မြင့်တဲ့ဘဏ်ကြီးပါ။ အဲဒီလို စနစ်တကျရှိဖို့ လိုပါတယ်။ နောက်တစ်ခါ ယခုရှယ်ယာတွေမှာလည်းပဲ ဒီရှယ်ယာ Certificate မရှိကြသော အခု သေသာသေသွားကြတယ် သူတို့မိသားစုတွေ ကိုယ့်မိဘရှယ်ယာထည့်ထားမှန်းလည်း

မသိကြပါဘူး။ အဲဒီတော့ အဲဒီလိုမျိုး ပွင့်ပွင့်လင်းလင်းနဲ့ ထင်သာမြင်သာဖြစ်အောင် လုပ်ပေးချင်ပါတယ်။

နောက်တစ်ခါ ခုန ဒီစာရင်းရှင်းလင်းဖျက်သိမ်းသွားတဲ့ သမဝါယမအသင်းတွေရဲ့ စုဆောင်းငွေတွေကို တိုင်းသမဝါယမအသင်းစုကို ရောင်းလိုက်တယ်၊ ဝယ်လိုက်တယ်လို့ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခု မြန်မာပြည်ရဲ့ သမဝါယမဟာ တကယ့်နာလန်မထူဖြစ်နေပါပြီ။ အဲဒီတော့ ကျွန်တော်တို့ သမဝါယမဟာလည်း ICA ထဲမှာ အဖွဲ့ဝင်အဖြစ်ပါဝင်နေတဲ့အတွက် ကျွန်တော်တို့ ဒီသမဝါယမအသင်းတွေက ပြည်သူကိုမျက်နှာမူ တကယ့်အရည်အသွေးမီတဲ့ သမဝါယမကြီးတွေ ပေါ်ထွန်းဖို့ လိုအပ်နေပါပြီ။ အဲဒီတော့ သမဝါယမတွေကို ပံ့ပိုးကူညီဖို့ ခုနကပြောတဲ့ ပိုနေတဲ့ စုဆောင်းငွေတွေကို ကူညီလို့ရအောင် ရန်ပုံငွေတစ်ရပ်ထူထောင်လို့ မရဘူးလားဆိုတာကိုလည်း ဆက်စပ်မေးခွန်းမေးခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အပိုင်းနှစ်ပိုင်း ကျွန်တော် ပြန်လည်ဖြေကြားပါမယ်။ ပထမအပိုင်းက အသေးစိတ်အခြေအနေတွေကို သိရှိလိုတဲ့အနေအထားပေါ်မှာစပ်လျဉ်းပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးထံ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်အသေးစိတ် စာနဲ့ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ ဒုတိယအပိုင်းကတော့ လက်ရှိ သမဝါယမအနေအထား၊ နိုင်ငံတော်ရဲ့သမဝါယမကဏ္ဍာပြန်လည်တည့်မတ်နိုင်ဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ စီမံဆောင်ရွက်နေပါတယ်။ ဒီအသင်းတွေကို ထိန်းကျောင်းမှုအနေနဲ့ သမဝါယမအသင်းဥပဒေ ၉၂ နည်းဥပဒေ ၂၀၁၃ အရ အသင်းရဲ့ အသင်းအဖွဲ့စည်းမျဉ်းနှင့်အညီ အသင်းတွေစီမံဆောင်ရွက်မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းစုချုပ် မြို့နယ်အသင်းစု နောက်အခြေခံအသင်းတွေကို သမဝါယမဦးစီးဌာနက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွင်းဆင်းပြီးတော့ စိစစ်နေပြီဖြစ်ပါတယ်။ အကယ်၍များ အသင်းတွေဟာ အသင်းစည်းကမ်းနှင့်အညီ စီမံလုပ်ကိုင်မှု အားနည်းနေမှုကို တည့်မတ်ပေးလို့ နောက်တစ်ခါ ဥပဒေကြောင်းအရ အသင်းဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့် မညီတာကိုညီအောင် ဆောင်ရွက်ပေးဖို့ လုပ်နေပါတယ်။ အကယ်၍များ သမဝါယမအသင်းဟာ ဥပဒေပုဒ်မ ၂၅ အရ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတွေဟာ

လျော်ကန်သင့်မြတ်မှုအခြေအနေမဟုတ်ဘဲနဲ့ တိမ်းစောင်းနေမယ်ဆိုရင်တော့ ကျွန်တော်တို့ မိမိတင်ပြသလို သမဝါယမဥပဒေပုဒ်မ ၂၅ အရ စာရင်းရှင်းလင်းဖျက်သိမ်းမှုအထိ ဆောင်ရွက်သွားဖို့အတွက် စီမံဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း သမဝါယမကဏ္ဍကို သမဝါယမရဲ့ပုံရိပ်ကို ပြန်လည်ပြီးတော့ မြှင့်တင်နိုင်မယ့် အနေအထားမျိုးတွေကို စီမံဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ အကောင်အထည်ဖော်နေကြောင်း ဒုတိယပိုင်းအနေနဲ့ တင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ဆိုလို့ရှိရင်တော့ အသင်းပေါင်း ၃၇၄၃ နှင့် ဧရာဝတီတိုင်းဒေသကြီးမှာ အသင်းပေါင်း ၇၀၀၀ ကျော် ဒါတွေကို ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဖျက်သိမ်းဖို့အနေအထားဟာ ၉၀၀ နီးပါးရှိပါတယ်။ ရှင်းလင်းဆဲအသင်း ၆၀၀ ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသွားသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့(၁၈-၇-၂၀၁၉ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၃-၇-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ၊ ဒါကြောင့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့် လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၃၀-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးမင်းသိုင်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း ဖြစ်ပါတယ်။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့ လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ်(Research and Extension System)ပိုမိုအားပေး

ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးဆိုတာ မွေးမြူရေးလုပ်ငန်း ပါဝင်သလို မွေးမြူရေးလုပ်ငန်းဆိုတာလည်း စိုက်ပျိုးရေးလုပ်ငန်းပါဝင်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဟာ ခေါင်းနှင့်ပန်းလို ထိတွေ့ဆက်စပ်ဆက်နွယ်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရန် မွေးမြူရေးလုပ်ငန်းအခြေခံရသလို မွေးမြူရေးလုပ်ငန်းအောင်မြင်ရန် စိုက်ပျိုးရေး လုပ်ငန်းကိုလည်း အခြေခံရပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်ဟာ ဒီအဆိုကို တင်သွင်းရခြင်းဖြစ် ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ မြန်မာ နိုင်ငံမှာ တောင်သူလယ်သမားများမှာ သီးနှံဈေးနှုန်းမရှိခြင်း၊ သီးနှံဈေးကွက်မရှိခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ လုပ်အားခကြီးမားခြင်း၊ အရင်းအနှီးနည်းပါးခြင်း၊ အသိပညာနည်းပညာများ အားနည်းခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်းစသည်ဖြင့် ဘက်ပေါင်းစုံအားနည်းလျက် ရှိတာကိုတွေ့ရပါတယ်။ အချို့လယ်ယာသားငါးထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများမှ ပြန်လည် တင်သွင်းနေရကြောင်း စိတ်မကောင်းဖွယ် သိရှိရပါတယ်။

မြန်မာနိုင်ငံဟာ တစ်ချိန်တုန်းက ကမ္ဘာ့ဆန်အိုးကြီး၊ ကမ္ဘာ့ဆီအိုးကြီးအဆင့်ရှိခဲ့ပါတယ်။ မြင်လွယ်အောင်ပြောရမယ်ဆိုရင်တော့ ကျေးလက်လူထုတောင်သူလယ်သမားမိသားစုတွေဟာ အိမ်နီးချင်းနိုင်ငံများကို ရွှေ့ပြောင်းလုပ်သားများအဖြစ် တဖြည်းဖြည်းသွားရောက်လုပ်ကိုင်နေရ ကြောင်း တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေကလည်း ပြန်လည်ဦးမော့လာဖို့ဆိုတာဟာ သာမန် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လို့မရတော့ဘဲ အထူးစီမံကိန်းများ တစ်ဦးချင်းအလိုက် ဗဟိုပြုဆောင်ရွက် ဖို့လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ တစ်ဦးချင်းဝင်ငွေတိုးမှသာ မိသားစုဝင်ငွေတိုးမှာဖြစ်ပါတယ်။ မိသားစုဝင်ငွေတိုးမှသာ မြို့နယ်အလိုက် ဝင်ငွေတိုးပြီးတော့ တောင်သူလယ်သမားဘဝ သာယာ ဝပြောသောဘဝများကို ပိုင်ဆိုင်လာကြမှာဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့တင်ပြရမယ်ဆိုရင် နိုင်ငံတော်အစိုးရမှာလည်းပဲ တောင်သူလယ်သမားတွေရဲဘဝ တိုးမြှင့်ဖို့အတွက် စီမံကိန်းချပြီး ဆောင်ရွက်တာကိုလည်း တွေ့ရပါတယ်။ မြို့နယ်အသီးသီးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဆိုပြီးတော့ မြစိမ်းရောင် သိန်း ၃၀၀ အရင်းမပြောက် လည်ပတ်ရန်ပုံငွေ

မတည်ပေးတာ တွေ့ရပါတယ်။ ဒါ့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် VDP စီမံချက်ဆိုပြီးတော့ အစိုးရက ကျပ်သိန်း ၁၀၀ မတည်ပြီး ပြည်သူကနေပြီးတော့ ထည့်ဝင်ငွေနှင့် VDP စီမံချက်ဆိုပြီးတော့ ရှိပါတယ်။ ဒါက ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနက လုပ်တဲ့မြစိမ်းရောင်ဖြစ်ပါတယ်။ ထို့အတူပဲ တိ/မွေးကုဌာနကနေပြီးတော့ အသားကဏ္ဍဆိုပြီးတော့ ဝင်ငွေတိုးရေးစီမံချက် ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေကို အကောင်လိုက်ဝယ်ပြီးတော့ ဖြန့်ဖြူးတဲ့ မြစိမ်းရောင်စီမံချက်ရှိပါသေးတယ်။ ထို့အတူပဲ ငါးလုပ်ငန်းဦးစီးဌာနကလည်း မြစိမ်းရောင် ငါးကဏ္ဍဆိုပြီးတော့ သူကကျပ်သိန်း ၃၀၀ မတည်ပြီးတော့မှ ကျေးရွာပြည်သူရဲ့ လူမှုဘဝတိုးတက်လာအောင် ရေလုပ်သားတွေရဲ့ ဘဝတိုးတက်လာအောင် မတည်ငွေလည်းရှိပါတယ်။ သို့သော် ကျွန်တော်တို့ ဥပမာတင်ပြရမယ်ဆိုရင် ဘိုကလေးမှာ ရွာပေါင်း ၆၈၄ ရွာ ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း ၇၆ အုပ်စုရှိပါတယ်။ အဲဒီတော့ ဒီမြစိမ်းရောင်စီမံကိန်းဝင်ရွာများဖြစ်ဖို့ အတွက် ရွာများကို လျှောက်လွှာတင်တဲ့အခါမှာ စည်းကမ်းသတ်မှတ်ချက်တွေ၊ စည်းမျဉ်းတွေ၊ စည်းကမ်းတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက လုပ်တဲ့ မြစိမ်းရောင်ကိုဝင်ဖို့အတွက်ဆိုရင် ယနေ့အထိဆိုရင် ငါးနှစ်တာအတွင်းမှာ ၂၀၁၄ ကနေ ၂၀၁၅ ထိမှာ မြစိမ်းရောင် ၈၄ ယူနစ်ပဲရပါသေးတယ်။ ထို့အတူပဲ တိ/မွေးကုက လုပ်တဲ့မြစိမ်းရောင်မှာဆိုရင် ကျေးရွာပေါင်း ၇၆ အုပ်စုမှာ ငါးအုပ်စုပဲရပါသေးတယ်။ ထို့အတူပဲ ငါးလုပ်ငန်းကလုပ်တဲ့ ငါးမြစိမ်းရောင်မှာဆိုရင်လည်းပဲ ကျေးရွာ ၇၆ အုပ်စုမှာ လေးအုပ်စုပဲရပါတယ်။ အဲဒီတော့ တောင်သူလယ်သမားတွေရဲ့ဘဝမှာ၊ ကျေးလက်ပြည်သူတွေရဲ့ဘဝမှာ ပေးကားပေး၍မရဆိုတဲ့ဘဝမျိုး ရှိနေသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ လိုအပ်တဲ့ ဖြေလျှော့ပေးလို့ရတဲ့ စည်းမျဉ်းစည်းကမ်းများတွေနဲ့ပြန်လည်ပြီးတော့ ဆွေးနွေးပေးဖို့၊ သုံးသပ်ပေးဖို့၊ သုတေသနလုပ်ပေးဖို့ ဒီမြစိမ်းရောင်လုပ်ငန်းတွေအောင်မြင်သလားဆိုတာကို ပြန်လည်လေ့လာပေးဖို့လည်းပဲ ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ တောင်သူလယ်သမားတွေရဲ့ဘဝ တိုးတက်မှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်။ နိုင်ငံတိုးတက်မှ တောင်သူလယ်သမားဘဝ ပိုမိုတိုးတက်လာပြီးတော့ ဖြစ်မှာဖြစ်တဲ့အတွက်ကြောင့် မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းရဲ့အဆိုကို လက်ရှိအခြေအနေ အချိန်အခါနှင့်ကိုက်ညီပြီးတော့ မဖြစ်မနေဆောင်ရွက်ရမည့် အချိန်ကာလရောက်နေပါသဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါတယ်။ အားလုံးမင်္ဂလာပါခင်ဗျား။

**ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းအနေနဲ့ မြန်မာနိုင်ငံရဲ့ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါတဲ့ သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေး စနစ်အပေါ် ပိုမိုဆောင်ရွက်ပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားတဲ့ အဆိုနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေး တင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာသားငါးကဏ္ဍဆိုတာ မိမိတို့နိုင်ငံရဲ့အခြေအနေမှာ အားလုံးသိကြတဲ့အတိုင်း ကျေးလက်ဒေသကို အခြေခံပါတယ်။ ကျေးလက်ဒေသမှာ ရေနှင့်စပ်လျဉ်းပြီးတော့ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးဖို့အတွက် ကဏ္ဍအလိုက်အားထည့်ဆောင်ရွက်သွားရမယ့်အစီအမံများ၊ လုပ်ငန်းများလည်း ရှိနေပါတယ်။ အထူးသဖြင့် သုတေသနလုပ်ငန်းမှာ ဓာတ်ခွဲခန်းတွေ အဆင့်မြှင့်တင်တည်ထောင်ပြီး ခေတ်မီဓာတ်ခွဲခန်းသုံးကိရိယာများ တိုးချဲ့ဆောင်ရွက်သွားနိုင်ဖို့ သုတေသနလုပ်ငန်းတွေမှာ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လေ့ကျင့်ပျိုးထောင်ဖို့ ရေတိုရေရှည်အစီအမံတွေနှင့် အကောင်အထည်ဖော်သွားဖို့လိုအပ်သလို လက်ရှိမှာလည်း မိမိတို့ ဆောင်ရွက်လည်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေမျိုးလည်း ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးထုတ်လုပ်မှုမှာ အရင်းခံဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့ ပညာပေးလုပ်ငန်းတွေကိုလည်းပဲ မိမိတို့အနေနဲ့ တောင်သူတွေ အမှန်တကယ်အကျိုးရှိစေမည့် လက်တွေ့အသုံးချနည်းပညာတွေကို လက်ခံကျင့်သုံးပြီးတော့မှ ဆောင်ရွက်သွားနိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနအနေနဲ့ အခြေခံကျတဲ့ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့က အချင်းချင်းချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒေသအလိုက် သင့်တော်သည့်သီးနှံတွေဖော်ထုတ်ဖို့အတွက် အစီအမံများချမှတ်ဆောင်ရွက်နေသလို

ဒီသီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ တွေ့ကြုံရမည့်အခက်အခဲတွေနှင့်ပတ်သက်ပြီးတော့လည်းပဲ တောင်သူတွေနှင့်ထိတွေ့ထားတဲ့အခြေအနေ၊ အခြေခံတွေက သုတေသနပညာရှင်တွေနှင့် တိုးချဲ့ပညာပေးဝန်ထမ်းတွေ ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ထုတ်လုပ်မှုနည်းပညာပြန့်ပွားရေးကနေပြီးတော့ အရည်အသွေးဦးစားပေးတဲ့ နည်းပညာပြန့်ပွားရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ (GAP)နှင့်စပ်လျဉ်း၍လည်းကောင်း၊ မွေးမြူရေးကဏ္ဍမှာလည်းပဲ စနစ်တကျမွေးမြူအကျိုးခံစားနိုင်မည့် ကောင်းမွန်တဲ့ မွေးမြူကျင့်စဉ် (GAP)အတွက်သော်လည်းကောင်း၊ မိမိတို့တွေက စံချိန်စံညွှန်းနှင့် သတ်မှတ်ရေးဆွဲပြီးတော့မှ အကောင်အထည်ဖော်ဖို့ကိုလည်း ကြိုးစားနေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ သားငါးကဏ္ဍမွေးမြူရေး ထုတ်လုပ်ရေးလုပ်ငန်းမှာလည်းပဲ မိမိတင်ပြခဲ့တဲ့ GAP အရ ကောင်းမွန်တဲ့ ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ အရည်အသွေးမြင့်တဲ့ ငါးအပါအဝင် ရေထွက်ထုတ်ကုန်တွေကိုလည်းပဲ ထုတ်လုပ်နိုင်ဖို့အတွက် ဒေသခံတွေ၊ ငါးမွေးမြူရေးလုပ်ငန်းများနှင့် ထိတွေ့ပညာပေးပြီး သင်တန်းဖွင့်လှစ်ခြင်းလုပ်ငန်းတွေကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ လုပ်နေတဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ ဒေသတွင်းနိုင်ငံတွေနှင့်နှိုင်းယှဉ်မယ်ဆိုရင် မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုအပိုင်းမှာ သုတေသနဘတ်ဂျက်သုံးစွဲမှုအပိုင်း၊ သုတေသနပညာရှင်တွေရဲ့ အင်အားအနေအထား၊ သုတေသနပြု အကောင်အထည်ဖော်ဆောင်ရွက်ပြီးတော့ သုံးစွဲရတဲ့ အသုံးအဆောင်ပစ္စည်းတွေရဲ့ အခြေအနေဟာ မိမိတို့မှာ ရေခံ၊ မြေခံကောင်းများ ရှိသော်ငြားလည်းပဲ ဒေသတွင်းနိုင်ငံများနှင့် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်မယ်ဆိုရင်တောင် ကွာဟချက်တွေရှိနေဆဲ ဖြစ်ပါတယ်။ ဒီကွာဟချက်တွေနဲ့ သုတေသနရဲ့ပညာပေးပိုင်းရဲ့ခရီးမပေါက်နိုင်သေးတဲ့ အခြေအနေလည်းရှိနေဆဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရှိရင်းစွဲအရင်းအမြစ်တွေကို အသုံးချပြီး ဆက်စပ်ဌာနတွေ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းတွေနှင့်ပေါင်းစပ်မှုနှင့်အတူ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်တဲ့အနေအထားလည်း ရှိပါတယ်။ အခုလို လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ဆောင်ရွက်ဖို့ မိမိတို့အားထုတ်လုပ်ကိုင်တဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု အထွက်နှုန်းနဲ့ အရည်အသွေးမြင့်ပြီး နိုင်ငံခြားတင်ပို့နိုင်စေဖို့ သုတေသနနဲ့တိုးချဲ့ထုတ်လုပ်ရေးစနစ်ကို ဦးတည်ဆောင်ရွက်နေတဲ့ မိမိတို့ရဲ့လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်ဟပ်ပြီးတော့မှ လိုက်လျောညီထွေဖြစ်နေတဲ့အလျောက် ယခုတင်သွင်းတဲ့အဆိုဟာ အဆိုကောင်းတစ်ရပ်လည်း ဖြစ်ပါ

တယ်။ မိမိတို့ရှေ့ဆက်ဆောင်ရွက်ဖို့ရှိတဲ့လုပ်ငန်းတွေအပေါ်မှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့နေရာမှာ ကိုယ့်အတွက်များစွာအထောက်အကူဖြစ်မယ်လို့ လည်းပဲ သုံးသပ်ရရှိရပါတယ်။ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ သော့ချက်ကျတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ သုတေသနနှင့်ဖွံ့ဖြိုးရေး(Research and Development)လုပ်ငန်းတွေအပေါ် မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ မီးမောင်းထိုးပြပြီး တွန်းအားပေးဆောင်ရွက်သွားနိုင်ဖို့ အားဖြည့်ပေးရာ ရောက်တဲ့အနေအထားဖြစ်တဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ အတည်ပြုသင့်တဲ့အဆိုဖြစ်ကြောင်း သုံးသပ်ရှင်းလင်းဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ ကျွန်တော့်ရဲ့အဆိုကို ထောက်ခံအားပေးတဲ့ ဘိုကလေး မဲဆန္ဒနယ်က ဦးမင်းသိုင်းကိုလည်း ကျွန်တော်ကျေးဇူးအထူးတင်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုလည်း အစီအစဉ်ရှိပြီးတော့ အတည်ပြုပါတယ်ဆိုတဲ့ အားပေး ထောက်ခံတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ ဒီအဆိုကို ဖြစ်လာတဲ့အကြောင်းရင်း ကလည်း လွန်ခဲ့တဲ့သုံးလလောက်က ရေတာရှည်မြို့နယ်ကို ကျွန်တော်သွားတဲ့အချိန်မှာ ကညာဏ် ကျေးရွာဟာ အိမ်ခြေ ၁၅၀ ရှိတဲ့အထဲမှာ အမျိုးသမီး ၈၀ က မနေ့ညက နိုင်ငံခြားကို အလုပ်သွား လုပ်ရတယ် ဆိုတဲ့သတင်းကြားပြီးတော့ ကျွန်တော်စိတ်မကောင်းစွာနဲ့ ဘယ်လိုထိန်းကျောင်းရမလဲဆိုတဲ့ ခံစားချက်တွေဖြစ်ပြီးတော့ ဒီအဆိုကို ကျွန်တော်တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေသန်း ၅၀ ကျော်ရှိတဲ့အထဲမှာ နိုင်ငံခြားကို ငါးသန်းရောက်နေပါတယ်။ တစ်နည်း အားဖြင့် ၁၀ ယောက် တစ်ယောက်နှုန်းလောက် နိုင်ငံခြားမှာ အလုပ်သွားလုပ်နေရတယ်ဆိုတာ အင်မတန်ကို စိတ်မကောင်းစရာ အခြေအနေမျိုးမှာရှိပါတယ်။ ဒီအဆိုကို အကောင်အထည်ဖော်ဖို့ ဆိုတာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအပြင် သူ့ချည်းမရပါဘူး။ နိုင်ငံရဲ့ စီးပွားရေးစီမံကိန်းကို လက်တွေ့ကျကျပြန်လည်သုံးသပ်သင့်ပါတယ်။ ဘတ်ဂျက်ခွဲဝေမှုလည်း ပြန်လည် ပြီးတော့ စနစ်တကျ ပြန်လည်စဉ်းစားဖို့လိုအပ်နေပြီလို့ ကျွန်တော်ဖြည့်စွက်ပြီးတော့ တင်ပြချင်ပါတယ်။ လယ်ယာသားငါးထုတ်ကုန်တွေကို နိုင်ငံခြားတင်ပို့ဖို့ဆိုတာ အခုလက်ရှိအခြေအနေမှာ ရာသီဥတု ပျက်တာနဲ့ဆိုရင် ကျွန်တော်တို့ဘာလုပ်သင့်တုန်းဆိုတဲ့ အချက်နှစ်ချက်လုပ်သင့်ပါတယ်။ အဲဒါကတော့

(၁)ကတော့ အရည်အသွေးထိန်းနိုင်တဲ့ အဆင့်မြှင့်သိုလှောင်ရုံတွေထားရှိဖို့လိုပါတယ်။ (၂)ကတော့ ထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်မှုစက်ရုံတွေကို တည်ဆောက်သွားဖို့လိုပါတယ်။ ဒီနှစ်ချက်က နိုင်ငံခြားတင်ပို့နိုင်တဲ့ ထုတ်ကုန်များ ပမာဏပိုမိုမြင့်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အဆိုကို အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိန်ဝင်း၊ မအူပင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိန်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေးလိုအပ်သောနည်းပညာနှင့် အရင်းအနှီးများပံ့ပိုးပေးမည့် အစီအမံကောင်းများချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ (၂၄-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံတစ်ဝန်းရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့်အစီအမံကောင်းများ ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် သုံးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ကန်ပက်လက်မဲဆန္ဒနယ် ဦးညွန့်ဝင်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို ပြန်လည်လေ့လာသုံးသပ်ကြည့်တဲ့အခါ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့သစ်တောထွက်သယံဇာတများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများကို စနစ်တကျထိန်းသိမ်းနိုင်ရန်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်ဝင်ငွေတိုးပွားရန်အတွက်သော်လည်းကောင်း၊ ထိုနည်းတူ ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရန်ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရကတိုက်တွန်းတဲ့အဆိုဖြစ်တဲ့အတွက်ကြောင့် အတည်ပြုနိုင်ရန် အကြံပြုထောက်ခံဆွေးနွေးရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် သစ်တောများစွာဖုံးလွှမ်းသည့်နိုင်ငံစာရင်းတွင်ပါဝင်ခဲ့သော်လည်း ယခုအခါ လူတို့၏ပယောဂများကြောင့် မြန်မာ့သစ်တောများပြုန်းတီးခြင်းနှင့် ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရမှ သစ်တောများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို စီမံကိန်းများချမှတ်ပြီး အရေးကြီးသည့်ကဏ္ဍတစ်ခုအနေဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ဒေသခံပြည်သူများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ သစ်တောများထိန်းသိမ်းခြင်းကြောင့် ယခု ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်သစ်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါတယ်။ သဘာဝအရင်းအမြစ်များစွာရှိတဲ့အနက် သစ်တောက အဓိကကျတဲ့အရင်းအမြစ် ငါးခုမြောက်အဖြစ် သတ်မှတ်ကြပါတယ်။ သစ်တော၊ သစ်ပင်များသည် နည်းမျိုးစုံဖြင့် အကျိုးပြုလျက်ရှိရာ အသက်မွေးဝမ်းကျောင်းပြုမှုများ မျိုးစိပ်များစွာရှိသည့်အတွက် ခေါင်လုံမှုပေးခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ မြေဆီလွှာ၊ လေ၊ သဘာဝ

ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးလျက်ရှိနေပါတယ်။ သစ်တောသည် သက်ရှိများအတွက် အရေးပါသကဲ့သို့ ရာသီဥတုအပေါ် ပြုပြင်ပြောင်းလဲမှုကို အဓိကဖြစ်စေပါတယ်။ ဒါကြောင့် သစ်တောကို ကာကွယ်ထိန်းသိမ်းပြီး သစ်တောထွက်ကျွန်း၊ သစ်မာနှင့် အခြားသစ်အမျိုးမျိုးကိုလည်း နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ပြည်သူပြည်သား ဒေသခံများအတွက်သော်လည်းကောင်း အကျိုးရှိစွာ စနစ်တကျထုတ်ယူအကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဗီယက်နမ်နိုင်ငံသည် မိမိတို့သစ်တောထွက်ပစ္စည်းများကို သစ်အချောထည်ဖြင့် နိုင်ငံခြားဈေးကွက်သို့တင်ပို့ရောင်းချမှုကြောင့် ၂၀၁၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၃.၄ ဘီလီယံရရှိခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမှ နိုင်ငံပေါင်း ၁၂၀ ကျော်အား သစ်အချောထည်ပို့ကုန်များ တင်ပို့လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် အမေရိကန်သို့ သစ်နှင့်သစ်အချောထည် ၃.၅ ဘီလီယံ၊ ဂျပန်သို့ ဒေါ်လာ ၁.၀၄ ဘီလီယံ၊ တရုတ်သို့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ၊ တောင်ကိုရီးယားသို့ ၈၆၄.၂ မီလီယံထိ တင်ပို့ရောင်းချကြောင်း ပြည်သူ့လွှတ်တော်ရုံး၊ သုတေသနဌာနမှရရှိသောစာတမ်းအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံထွက် ကျွန်းသစ်သည် ကမ္ဘာပေါ်မှာ ဈေးကွက်ဝင် အရည်အသွေးအကောင်းဆုံးအတန်းအစားဖြစ်ပါတယ်။ အဆိုရှင် ဦးညွန့်ဝင်း အဆိုတင်သွင်းသည့်အတိုင်း သစ်အချောထည်ထုတ်လုပ်သည့်စက်ရုံများကို သင့်လျော်သည့်ဒေသတွင် စီမံကိန်းနှင့်အညီ စနစ်တကျတည်ထောင်ပြီး သစ်အချောထည်မျိုးစုံထုတ်လုပ်နိုင်ပြီး နိုင်ငံခြားဈေးကွက်သို့ တင်ပို့ဆောင်ရွက်နိုင်ပါက နိုင်ငံရဲ့စီးပွားရေးကဏ္ဍမှာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒေသခံများအတွက် နည်းပညာများကိုလည်း ရရှိနိုင်ပါတယ်။ အလုပ်အကိုင်၊ အခွင့်အလမ်းများလည်း ရရှိမှာဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်းများကို စည်းမဲ့ကမ်းမဲ့ထုတ်ယူခြင်း၊ မှောင်ခိုထုတ်လုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အခွန်ဝင်ငွေလည်း ပို၍တိုးပွားလာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ထုတ်ပြန်ချက်အရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇)ချက်နှင့် ရည်မှန်းချက် ၁၆၉ ချက်ချမှတ်ခဲ့ပါတယ်။ ပန်းတိုင် ၁၇ ချက်အနက် ပန်းတိုင်(၁၅)သည် သစ်တောများ စဉ်ဆက်မပြတ်ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းနှင့် သက်ဆိုင်တဲ့အတွက်ကြောင့် သစ်တောဟာ မည်မျှအရေးကြီးကြောင်း မီးမောင်းထိုးပြလျက်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မြန်မာ

နိုင်ငံ၌နှစ်စဉ် သစ်တောပြုန်းတီးနေခြင်းမှကာကွယ်ရန်၊ စနစ်တကျစီမံကိန်းရေးဆွဲပြီး အဆိုရှင် ဦးညွန့်ဝင်းရဲ့ အဆိုဖြစ်သော မြန်မာနိုင်ငံတစ်ဝန်းရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာ သင့်လျော်သည့်ဒေသများ၌ အစိုးရအစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး၊ လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ၊ ပံ့ပိုးပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသောအဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် အတည်ပြုပေးနိုင်ရန်အတွက် အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘုတ်ပြင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်ရဲ့အဆိုကို ကျွန်တော်တို့ဒေသမှာ သစ်နဲ့ပတ်သက်ပြီး ကြုံတွေ့နေ ရတဲ့အခြေအနေ၊ အခက်အခဲတွေနဲ့ဆက်စပ်ပြီး ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ခရိုင်သုံးခုရှိပြီးတော့ ကော့သောင်းခရိုင်ကတော့ သစ်တရားဝင်ထုတ်လုပ်ခွင့်မရရှိပါဘူး။ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်သာ ထုတ်လုပ်ခွင့်ရရှိပါတယ်။ သစ်အချောထည်လုပ်ငန်းနှင့်ပတ်သက်လို့ကတော့ အိမ်တွင်းပရိဘောဂ ပစ္စည်းပြုလုပ်ရောင်းချတဲ့လုပ်ငန်းအသေးစားလေးတွေသာ ရှိပါတယ်။ ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ် မှာတော့ ယခင်က သစ်စက်နှစ်စက်ရှိပါတယ်။ တစ်စက်ကတော့ တရားဝင်သစ်ကုန်ကြမ်းရရှိဖို့ ခက်ခဲ တဲ့အတွက် စက်ရပ်နားထားတာ နှစ်အတော်အတန်ကြာပြီဖြစ်ပါတယ်။ ကျန်တစ်စက်ကတော့ ၂၀၁၇ ခုနှစ် ဝန်ကြီးချုပ်ခရီးစဉ်မှာ တရားမဝင်ခိုးဝင်သစ်များအသုံးပြုကြောင်း တိုင်ကြားခံရတဲ့အတွက် သစ်စက်ပိတ်ခံခဲ့ရပါတယ်။ အခုဆိုရင် သစ်စက်တစ်စက်မှမရှိတော့ပါဘူး။ သစ်ထုတ်လုပ်ခွင့်မရှိလို့ တရားဝင်သစ်ရရှိရန်ခက်ခဲနေတဲ့အတွက် ဘယ်သူမှသစ်စက်လုပ်ငန်းမလုပ်ကိုင်ကြတော့ပါဘူး။ အခု ဆိုရင် ဒေသတွင်းပြည်သူများ အိုးအိမ်ပြုပြင်အသစ်တည်ဆောက်ရန်နှင့် နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်တဲ့ဖွံ့ဖြိုးရေးနဲ့သက်ဆိုင်တဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ သစ်လိုအပ်ချက်

ကို တရားမဝင်သစ်ခိုးထုတ်လုပ်သူများထံမှ ဝယ်ယူအသုံးပြုနေကြတာပါ။ ကျွန်တော်တို့မြို့နယ်ဟာ ရေလုပ်ငန်းအဓိကလုပ်ကိုင်ကြတဲ့အတွက် စက်လှေများမရှိမဖြစ်လိုအပ်ပါတယ်။

လှေအသစ်တည်ဆောက်ခြင်းနှင့် လှေဟောင်းများပြုပြင်ရန်အတွက် သစ်အဓိကလိုအပ်လျက်ရှိပါတယ်။ တရားဝင်ဝယ်သုံးဖို့ သစ်စက်၊ သစ်အရောင်းဆိုင်တွေမရှိတဲ့အတွက် ဥပဒေချိုးဖောက်ပြီးတော့ တရားမဝင်သစ်များကို ဝယ်ယူအသုံးပြုနေရပါတယ်။ အဲဒါကြောင့် ပြည်သူအားလုံးဟာ ပြစ်မှုကျူးလွန်ထားကြသလိုဖြစ်နေရပါတယ်။ တရားဝင်သစ်ထုတ်လုပ်ခွင့်မရှိတဲ့အတွက် သစ်အသုံးပြုမှုကလျော့ကျမသွားပါဘူး။ အကျိုးဆက်အနေနဲ့ တရားမဝင်သစ်ခိုးထုတ်မှုများနဲ့ဆက်စပ်ပြီးတော့ အဂတိလိုက်စားမှုများ၊ စည်းကမ်းမဲ့သစ်ထုတ်မှုများသာ ပိုမိုတိုးပွားဖြစ်ပေါ်လျက်ရှိပါတယ်။ မဖြစ်မနေ တရားမဝင်သစ်အသုံးပြုနေရသူများမှာလည်း ဘယ်အချိန်တိုင်ခံရမယ်။ ဘယ်အချိန်ဖမ်းခံရမလဲ ဆိုပြီးတော့ စိုးရိမ်ပူပန်မှုများစွာနဲ့အသုံးပြုနေရပါတယ်။ တချို့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများမှ ဒေသခံအဖွဲ့ဝင် တချို့ကလည်းပဲ လက်ကိုင်ဖုန်းတစ်လုံးနဲ့ ဓာတ်ပုံရိုက်ပြီး ဝင်ကြည့်နေတာမျိုးတွေလည်း ရှိပါတယ်။ တရားဝင် သစ်စက်၊ သစ်ဆိုင်မရှိတဲ့အတွက် အိမ်၊ လှေများ ပြုပြင်တည်ဆောက်ရန် သစ်ကို တရားမဝင် ခိုးထုတ်သူများထံမှ တဖြည်းဖြည်းဝယ်ယူ စုဆောင်းရပါတယ်။ သစ်တစ်တန်ခွဲ၊ နှစ်တန်ခွဲလောက် အိမ်ဘေးအိမ်အောက်စုဆောင်းပြီးပြီ ဆိုရင်တော့ ဘယ်နေ့ ငွေလာညစ်မလဲ၊ အဖမ်းခံရမလဲလို့ ကျီးလန့်စာစားနေရတဲ့ဘဝကို ပြည်သူများ ရွံမုန်းစိတ်ပျက်လို့ နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်သစ်အသုံးပြုနိုင်ရန် ဥပဒေမှာပြဋ္ဌာန်းထားတာတွေရှိသော်လည်းပဲ လက်တွေ့မှာတော့ မလွယ်ကူလှပါဘူး။ ပုံစံ(၈)သစ်၊ လေလံသစ်တို့ဆိုတာရှိပေမဲ့လည်း အခြေခံလူတန်းစားတွေနဲ့တော့ ဝေးကွာလွန်းလှပါတယ်။ ပုံစံ(၈)သစ်ကလည်းပဲ အများအားဖြင့် မြန်မာ့သစ်လုပ်ငန်းကမယူတော့တဲ့ သစ်ဆွေး၊ သစ်မွများသာ ဖြစ်ပါတယ်။ လေလံသစ်ကျတော့လည်းပဲ ခရိုင်မြို့ကြီးတွေမှာသာ လေလံပြစ်တဲ့အတွက် လေလံအောင်ရင်တောင် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်တာမို့ ဝေးလံတဲ့ဒေသကလူတွေ သွားရောက်လေလံမဆွဲနိုင်ကြပါဘူး။ ကျွန်တော်တို့ဘုတ်ပြင်းမြို့နယ်က သစ်တောပြုန်းတီးမှုဟာ ဒေသခံတွေကြောင့်မဟုတ်ဘဲ ဆီအုန်း၊ ရော်ဘာတို့ကဲ့သို့သော နှစ်ရှည်ပင်စိုက်ပျိုးတဲ့ကုမ္ပဏီကြီးတွေကြောင့်ဖြစ်တာများပါတယ်။ အဲဒီလို နှစ်ရှည်ပင်တွေစိုက်ပျိုးနိုင်ရန် ဧကသိန်းသောင်းချီပြီး သဘာဝမိုးသစ်တောကြီးတွေကို အပြောင်ရှင်းမီးရှို့ခဲ့ကြပါတယ်။ အသုံးဝင်တဲ့

သစ်တွေကိုတော့ နည်းမျိုးစုံနဲ့သယ်ယူရောင်းချခဲ့ကြပါတယ်။ အဆိုရှင်တင်ပြခဲ့သလို သစ်အချောထည်စက်ရုံများသာရှိခဲ့မယ်ဆိုရင် ပစ်စလက်ခတ်မီးရှို့ဖျက်ဆီးခဲ့တဲ့ ကိုင်းဖျားကိုင်းနားအပါအဝင် သစ်တန်ပေါင်းများစွာကနေ တိုင်းပြည်အတွက်ဝင်ငွေများစွာရရှိလာနိုင်မှာဖြစ်ပါတယ်။ ယနေ့ထိလည်းပဲ စိုက်ပျိုးမြေအတွက် သစ်ပင်သစ်တောများကို တရားဝင်ရော၊ တရားမဝင်ရော ခုတ်ထွင်ရှင်းလင်းနေကြတုန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါအချက်များကို ထောက်ကြည့်ခြင်းအားဖြင့် သစ်ထုတ်ခွင့်ပိတ်ပင်ထားရုံနဲ့ သစ်တောထိန်းသိမ်းနိုင်မှာမဟုတ်ပါဘူး။ လူသားများတည်ရှိနေသရွေ့ သစ်လိုအပ်ချက်ရှိနေအုံးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်းပင်နှင့် အခြားသစ်မာထွက်ဒေသတွေမှာ ဥပဒေနှင့်အညီ စည်းကမ်းရှိရှိ၊ စည်းစနစ်တကျသစ်ထုတ်လုပ်ခွင့်ပြုပြီး သစ်ခွဲစက်၊ သစ်အရောင်းဆိုင်များ၊ သစ်အချောထည်စက်ရုံများ၊ သစ်အခြေခံလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ သို့မှသာ ပြည်သူလူထုအနေနဲ့ စိတ်အေးချမ်းသာစွာဖြင့် သစ်ခွဲသားများ လွတ်လပ်လွယ်ကူစွာဝယ်ယူအသုံးပြုနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း စတဲ့အကျိုးကျေးဇူးများအပြင် နိုင်ငံတော်မှလည်းပဲ အခွန်အခများနှင့် ဝင်ငွေပိုမိုရရှိလာမှာဖြစ်စေတာကြောင့် ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်ရဲ့အဆိုကို ဖြည့်စွက်ဆွေးနွေးရင်းနဲ့ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့်ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်ကို လေ့လာတဲ့အခါ လက်ရှိ မြန်မာနိုင်ငံရဲ့ သစ်တောပြုန်းတီးမှုအခြေအနေ၊ သစ်တောပြုန်းတီးမှုဖြစ်ရတဲ့အကြောင်းအရင်း၊ သစ်တောသစ်ပင်ပြုန်းတီးမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများ လက်ကျန်သစ်တောသယံဇာတကို ဘယ်လိုသုံးစွဲမလဲအပြင် သစ်တောတွေကို ဘယ်လိုထိန်းသိမ်းမလဲဆိုပြီး အပိုင်းလိုက် ခွဲခြမ်းစိတ်ဖြာ တင်ပြထားတာကို တွေ့ရပါတယ်။ သစ်တောပြုန်းတီးမှုအပိုင်းအနေနဲ့က တရားဝင်သစ်အလွန်အကျွံထုတ်ယူ

သုံးစွဲတာနဲ့တရားမဝင်သစ်ခိုးထုတ်တာတွေအပြင် ကျေးလက်ဒေသတွေမှာ ထင်း၊ မီးသွေး စတဲ့ လောင်စာထုတ်လုပ်သုံးစွဲခြင်းတွေကြောင့်ဖြစ်တာကို တွေ့ရပါတယ်။ ဆိုခဲ့ပါအကြောင်းများထဲက တရားဝင်အလွန်အကျွံထုတ်လုပ်မှုကတော့ လက်ရှိမူအရထိန်းချုပ်လို့ရနိုင်ပေမဲ့ တရားမဝင်ထုတ်လုပ်မှုနဲ့ ထင်း၊ မီးသွေးဟာ ယနေ့သစ်တောစီမံအုပ်ချုပ်သူတွေအတွက် စိန်ခေါ်မှုဖြစ်နေဆဲပါ။ အဲဒီထဲမှာမှ ထင်း၊မီးသွေးကိစ္စဟာ ပွင့်လင်းရာသီမှာသာ အများအားဖြင့် ထုတ်ယူသုံးစွဲပြီး မြင်သာထင်သာရှိလို့ ဥပဒေအရ ထိန်းသိမ်းနိုင်ပေမဲ့ တရားမဝင်သစ်ခိုးထုတ်မှုကတော့ နိုင်ငံနှင့်အဝှမ်းထိန်းမနိုင်သိမ်းမရ အခြေအနေလို့ဆိုရမလိုပါပဲ။ ဒါကိုလည်း လွှတ်တော်မှာအဆိုတွေတင်ပြီး ဆွေးနွေးခဲ့အတည်ပြုခဲ့ပြီးပါပြီ။ ဘာကြောင့်လဲလို့မေးစရာရှိပါတယ်။ သက်ဆိုင်ရာဒေသမှာရှိကြတဲ့သစ်တောအရာရှိကြီးကြီးတွေရဲ့ ပါဝင်ပတ်သက်မှုမကင်းဘူးလို့ဆိုရမှာ ဖြစ်ပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ထီးချိုင့်မြို့နယ်အတွင်း ကိုရောက်လာတဲ့ တရားမဝင်သစ်ဖောင်တွေ တောင်ပံတွင်းမော်တော်တွေဟာဆိုရင် အများအားဖြင့် ကသာဒေသသစ်ထုတ်ရေးကအများဆုံးနှင့် ဆင်းခန်းဒေသကလည်းထွက်ရှိတာဖြစ်ပါတယ်။

ဒီလောက် ကြီးမားတဲ့သစ်ဖောင်တွေ တောင်ပံကမ်းမော်တော်တွေဟာ ခိုးကြောင်းခိုးဝှက်လုပ်လို့ သိပ်လွယ်တဲ့ကိစ္စမဟုတ်တဲ့အတွက် ဘယ်တာကထွက်လာတယ်ဆိုတာ လယ်ပြင်ဆင်သွားသလို ရှင်းလှပါတယ်။ အဲဒီထက်ဆိုးတာက ဖမ်းဆီးရတဲ့သစ်တွေကို လေလံဆွဲတဲ့အခါ ဒေသပေါက်ဈေးထက်ငွေကြေးပိုမိုများပြားစွာပေးပြီး ပုံစံ(၈)ရဲ့ဥပဒေဘောင်ကို လတ်တလုံးခြားလုပ်ကာ အခြားသစ်အကောင်းကို အစားထိုးသယ်ဆောင်တဲ့အတွက် နိုင်ငံတော်အနေနဲ့ နှစ်ခါနာဆိုသလိုဆုံးရှုံးရပါတယ်။ အဲဒီမျောစာနဲ့ပဲ ဌာနဆိုင်ရာရဲ့နားလည်မှုကိုယူပြီး အကြိမ် ပိုသယ်ဆောင်တဲ့အတွက် နိုင်ငံတော်အနေနဲ့ အလွန်ပဲဆုံးရှုံးမှုပမာဏများလှပါတယ်။ ပြင်ဆင်မှုအချိန်အခက်အခဲကြောင့် ဓာတ်ပုံမှတ်တမ်းနဲ့ တင်ပြနိုင်ခြင်းမရှိပါဘူး။ ဖြည့်စွက်တင်ပြလိုတာက ဒေသခံတွေအတွက် နိုင်ငံတော်အစိုးရက တရားဝင်သစ်အရောင်းဆိုင်တွေ ဒေသအလိုက် လိုအပ်ချက်နှင့်အညီဖွင့်လှစ်ပေးဖို့ပါပဲ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောပြုန်းတီးမှုကြောင့် ရေဝေရေလဲဒေသများ ပျက်စီးလာပြီး မြေနိမ့်ဒေသရှိ မြစ်ချောင်းများ၊ အင်းအိုင်နဲ့ ဆည်တမံများဟာ သဲနုန်းနည်းနှစ်များပို့ချတိမ်ကောခြင်းနှင့် ရေလမ်းကြောင်းကျဉ်းခြင်းများဖြစ်ပေါ်လာပါတယ်။ ဒီအခါ မိုးသည်းထန်စွာရွာသွန်းလို့ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါတယ်။ သစ်တောများဟာ ရေသံသရာလည်ခြင်းဖြစ်စဉ်မှာ အရေးပါလှတဲ့အခန်းကဏ္ဍကပါဝင်ပါတယ်။ ရေသန့်များရဲ့သုံးပုံနှစ်ပုံဟာ သစ်တောများဖုံးလွှမ်းထားတဲ့

ရေဝေရေလဲဒေသများကရရှိတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစာစောင်မှာ ဖော်ပြပါရှိပါတယ်။ အဲဒီသစ်တောဖုံးလွှမ်းလျက်ရှိတဲ့ ရေဝေရေလဲဒေသများဟာ သောက်သုံးရေ၊ စိုက်ပျိုးရေနဲ့ ဂေဟာစနစ်လိုအပ်ချက်များကို အထောက်အကူဖြစ်စေပါတယ်။

သစ်ပင်သစ်တောရဲ့ အသက်သွေးကြောဟာ မြေဆီလွှာဖြစ်ပြီး ရေဝေရေလဲဧရိယာရဲ့ အသက်သွေးကြောဟာ သစ်ပင်သစ်တောဖြစ်သလို၊ မြစ်ချောင်းများရဲ့အသက်သွေးကြောဟာလည်း ရေဝေရေလဲဒေသများပဲဖြစ်ပါတယ်။ သစ်တောနှင့်မြစ်ချောင်းအင်းအိုင်တို့ရှိ မြေသယံဇာတများဟာ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်သွယ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် သစ်တောများ ထာဝစဉ်တည်တံ့ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် သစ်တောစီမံခန့်ခွဲမှုကများစွာမှ အရေးကြီးလှပါတယ်။ သစ်တောအုပ်ချုပ်မှုကဏ္ဍကို အထောက်အပံ့ဖြစ်စေပြီး အောက်ခြေပြည်သူလူထုနှင့် သဟဇာတဖြစ်မယ့် သစ်တောမူဝါများ၊ ဥပဒေများကို အလေးထားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း တရားဥပဒေစိုးမိုးမှုရရှိရေးက အရေးကြီးလှပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက သစ်တောကို အဓိကကျတဲ့သဘာဝအရင်းအမြစ်များအနက် အရေးပါတဲ့အရင်းအမြစ်ငါးခုမြောက် အဖြစ် သတ်မှတ်တယ်လို့ဆိုပါတယ်။ သစ်တောသစ်ပင်များဟာ နည်းလမ်းမျိုးစုံအတွက် အကျိုးပြုလျက်ရှိရာမှာ လူသားအတွက် အသက်မွေးဝမ်းကျောင်းဖန်တီးမှုများဖန်တီးပေးခြင်း၊ မျိုးစေ့များစွာတို့အတွက် ခိုလှုံခွင့်ပေးခြင်း၊ လေကောင်းလေသန့်ရရှိခြင်းတို့ဟာ သိသာတဲ့အချက်တွေဖြစ်ပါတယ်။ သစ်တောဆိုတဲ့စကားရပ်မှာ သစ်ပင်များကိုအထောက်အကူပြုတဲ့မြေလွှာများ၊ ရေပတ်ဝန်းကျင်၊ လေပတ်ဝန်းကျင်တို့လည်း ပါဝင်ပါတယ်။ ဒါကြောင့်မို့လို့ သစ်တောဟာ သက်ရှိများအတွက် အရေးပါသလို ရာသီဥတုပေါ်မှာလည်း လွှမ်းမိုးမှုရှိတာကိုတွေ့ရပါတယ်။ သာဓကအားဖြင့် အခုနေပြည်တော်ရပ်ဝန်းဟာ သစ်ပင်သစ်တောတွေနဲ့ဖုံးလွှမ်းမှုများလာတဲ့အတွက် မိုးရာသီဆိုရင်မိုးမရွာတဲ့ရက်လို့မရှိဘဲ နေ့မရွာရင် ည၊ ညမရွာရင် နေ့ဆိုသလို သစ်ပင်သစ်တောကိုအမှီပြုပြီး မိုးရွာသွန်းတာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့အဓိကအပိုင်းကို ဆက်လက်တင်ပြပါမယ်။ အထက်ဖော်ပြပါတင်ပြချက်တွေထဲကမှ နောက်ဆုံးကျန်ရှိတဲ့ သစ်တောသယံဇာတကိုအကျိုးရှိရှိ အသုံးပြုနိုင်အောင် တစ်နည်းအားဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် နှစ်ရှည်လများထိန်းသိမ်း

စောင့်ရှောက်လာခဲ့ရတဲ့ မြန်မာ့အဖိုးတန်သစ်တွေကို တန်ဖိုးမြှင့်ပြီးရောင်းချနိုင်ဖို့စေတနာနဲ့တင်သွင်းတဲ့အဆိုလို့ နားလည်မိပါတယ်။ အခုကျွန်တော်တို့ လက်ရှိသုံးစွဲနေတဲ့ အိမ်သုံးပရိဘောဂ အသုံးအဆောင်တွေဟာ နိုင်ငံခြားကလာတဲ့ ကြိတ်သားနဲ့ပြုလုပ်ထားတဲ့ဒီဇိုင်းလှလှ၊ အရောင်လှလှတွေဖြစ်ပြီး မျက်စိအမြင်တင့်တဲ့ပစ္စည်းတွေဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ကုန်ကြမ်းတွေပေါသလောက် နည်းပညာမှာမပံ့ပိုးနိုင်တဲ့အခါ ပကတိသစ်သားစစ်စစ်ကိုမသုံးနိုင်ဘဲ ကြိတ်သားပရိဘောဂနဲ့စခန်းသွားနေကြရပါတယ်။

နောက်ဆုံးပြောရရင် ကျွန်တော်တို့နယ်တွေမှာ ကျွန်းသစ်ငုတ်တိုတွေကို မြေကြီးကတူးပြီးခြံစည်းရိုးမှာ စွန့်ပစ်ဖျက်ဆီးနေကြချိန်မှာ နည်းပညာရှိသူတွေက ကျွန်းငုတ်တိုကိုပြောင်းပြန်လှန်ပြီးအပေါ်ပိုင်းကသစ်မြစ်ကို ပန်းပုနည်းပညာနဲ့ထည့်ပေါင်းလိုက်တဲ့အခါမှာ သိန်း ဆယ်ရာချီတန်တဲ့အနုပညာပစ္စည်းဖြစ်သွားတာကို တွေ့ရပါတယ်။ အဆိုရှင်ရဲ့တင်ပြပါအဆိုဟာ ဝန်ကြီးဌာနအနေနဲ့အကောင်အထည်ဖော်ဖို့ ဘက်ပေါင်းစုံအခြေအနေကို ထည့်သွင်းချင့်ချိန်ပြီးလုပ်ရမယ်ဆိုတာကို ကျွန်တော်တို့တွေ သဘောပေါက်နားလည်ပါတယ်။ သို့သော် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့အောက်ခြေကအခြေအနေအမှန်တွေကိုလေ့လာဆန်းစစ်ပြီး ပြည်သူ့အတွက်ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲလိုက်လျောညီထွေပြီး ရေရှည်အကျိုးဖြစ်ဖို့ အနာဂတ်အတွက် ဘယ်လိုအစီအစဉ်တွေလုပ်ဆောင်သင့်တယ်ဆိုတဲ့ အနာဂတ်အစီအစဉ်ရေးဆွဲရာမှာ လုပ်ဆောင်သင့်တယ်ဆိုတဲ့အစီအစဉ်ရေးဆွဲရာမှာလုပ်ဆောင်သင့်တဲ့ အထောက်အကူဖြစ်စေဖို့ အကြံပြုရင်း ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ် ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်း ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ အဆိုနှင့်ပတ်သက်ပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ သစ်တောသယံဇာတများ ရေရှည် တည်တံ့စေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီး သတ်မှတ်နှစ်စဉ်တောထွက်ပမာဏ AAC ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ဆောင်ရွက်သွားရန် မူဝါဒချမှတ်ခဲ့ပြီး သစ်ထုတ်လုပ်ရာမှာလည်း ကုမ္ပဏီလုပ်ငန်းရှင်များမှ ထုတ်ယူခြင်းအားခွင့်မပြုဘဲ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ယူထုတ်လုပ်လျက် ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ AAC ၏ကျွန်း ၅၅ ရာခိုင်နှုန်းနှင့် သစ်မာ ၃၃ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ AAC ၏ ကျွန်း ၃၉ ရာခိုင်နှုန်းနှင့် သစ်မာ ၂၇ ရာခိုင်နှုန်းသာ ထုတ်လုပ်လျက် ရှိပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်း ထုတ်လုပ်ရန် လျာထားသတ်မှတ်ချက်များကို တင်ပြထားပါတယ်။

ထုတ်လုပ်တဲ့ ကျွန်းနှင့်သစ်မာများကို ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် ဒေသတွင်း သုံးစွဲနိုင်ရန်အတွက် လေလံတင်ရောင်းချခြင်း၊ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချခြင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထုတ်လုပ်မှုအနက်မှ အများစု ၇၅ ရာခိုင်နှုန်းခန့်အား သစ်အလုံးလိုက်အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များသို့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းရောင်းသစ်စက် များမှာတော့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ၈၁ စက်ရှိခဲ့ရာမှ ၇၅ စက်သာထားရှိပြီး ခြောက်စက် အား ဖျက်သိမ်းခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလည်း သစ်စက်တစ်စက်အား ထပ်မံ ဖျက်သိမ်းခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ သစ်စက်ခြောက်စက်အား ပေါင်းစပ်ခြင်းနှင့် ၁၀ စက်အား ထပ်မံဖျက်သိမ်းခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီး ယခုအချိန်အထိ သစ်စက် ၁၁ စက်လည်ပတ်ပြီး နဝလီနှစ်စက်၊ အရန်နှစ်စက်နှင့် ၄၃ စက်ဖျက်သိမ်းရန် ဆောင်ရွက်လျက် ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သစ်တောဥပဒေပုဒ်မ ၃၀ အရ လွှစင်၊ လက်ကိုင်စက်လွှ၊ လွှစက်၊ လျှာထိုးစက်၊ အထပ်သားစက်၊ သစ်ပါးလွှာစက် သို့မဟုတ် သစ်အခြေခံအသုံးပြုသည့်စက်၊ ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားတဲ့ သစ်အခြေခံပရိဘောဂလုပ်ငန်း သို့မဟုတ် သစ်အခြေခံအခြားလုပ်ငန်းများကို သစ်တောအရာရှိထံ လုပ်ပိုင်ခွင့်အပ်နှင်း၍ တည်ထောင်ခွင့်ပြုလျက်ရှိပါတယ်။ သစ်အခြေခံအသုံးပြုတဲ့စက်များ တင်ပြလျှောက်ထားမှုကိုလည်း မြေပိုင်ဆိုင်မှု၊ ကုန်ကြမ်းစုဆောင်းထားရှိမှုအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုလျက်ရှိပါတယ်။ သစ်စက်တည်ထောင်ခွင့်ပြုရာမှာ သစ်ထွက်ရှိရာဒေသများဖြစ်တဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် နီးစပ်တဲ့နေရာတွေမှာ သို့မဟုတ် သစ်တောဖုံးလွှမ်းလျက်ရှိတဲ့ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေနေရာနှင့်နီးကပ်တဲ့နေရာတွေမှာ တရားမဝင်သစ်များ အလွယ်တကူထုတ်ယူရရှိနိုင်တဲ့အတွက် သစ်အခြေခံအသုံးပြုတဲ့စက်တည်ထောင်လျှောက်ထားမှုများကို ခွင့်မပြုပါကြောင်းနဲ့ စက်မှုဇုန်များ မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းကျရောက်တဲ့မြေနေရာနဲ့ သစ်တောဝန်ထမ်းများမှ အချိန်မရွေးသွားရောက်စစ်ဆေးကြီးကြပ်နိုင်တဲ့နေရာများမှာသာ မြို့နယ်အတွင်း လက်ရှိခွင့်ပြုစက်အင်အားနှင့် လိုအပ်ချက်အပေါ် မူတည်ပြီး စိစစ်ခွင့်ပြုလျက်ရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သစ်အခြေခံအသုံးပြုတဲ့စက်များကို ပုဂ္ဂလိကများသို့ တည်ထောင်ခွင့်ပြုလျက်ရှိရာမှာ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ပုဂ္ဂလိကသစ်စက်သေး ၁၂၁၇ လုံး၊ စက်ကြီး ၁၅၇ လုံးနဲ့ အချောထည်စက် ၃၅၉ လုံး၊ လျှာထိုးစက် ၃၇၀ လုံးနဲ့ စုစုပေါင်း ၂၁၀၃ လုံး တည်ထောင်ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။

ယခုအခါ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သစ်အချောထည်စက်ကြီးများအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ရယူပြီး သစ်အချောထည်စက်တည်ထောင်မှုများ လျှောက်ထားသကဲ့သို့ နိုင်ငံခြားကုမ္ပဏီများမှလည်း နိုင်ငံသားကုမ္ပဏီများနှင့်အကျိုးတူပူးပေါင်း၍လည်းကောင်း၊ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံ၍လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်ရယူပြီး လျှောက်ထားမှုများရှိလာကြတဲ့အတွက် စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကသစ်စက်လုပ်ငန်းရှင်များမှ ကုန်ကြမ်းများစဉ်ဆက်မပြတ်ရရှိရေးအတွက် ၎င်းတို့ကိုယ်တိုင် ပုဂ္ဂလိကကျွန်း၊ သစ်မာစိုက်ခင်းများလည်း တည်ထောင်စိုက်ပျိုးလျက်ရှိပါတယ်။ ထို့အပြင် မြန်မာ့သစ်လုပ်ငန်းမှ လစဉ်လေလံတင်ရောင်းချခြင်း၊ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချခြင်း၊ သစ်တောဦးစီးဌာနမှ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့ ဖမ်းဆီးရမိပုံစံ(၈)သစ်များအား သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များသို့ Power Point တွင် တင်ပြပါအတိုင်း ကုန်ကြမ်းလိုအပ်ချက်အတွက် ဖြည့်စွက်ရောင်းချပေးခဲ့ပါတယ်။ ဒေသခံပြည်သူများရဲ့ သစ်လိုအပ်ချက်ဖြည့်ဆည်းပေးရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အသုံးပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှတစ်ဆင့် ဖမ်းဆီးရမိပုံစံ(၈)သစ်များအား တစ်ကြိမ်လျှင် တန် ၂၀၀ နှုန်းဖြင့် Power Point မှာတင်ပြပါအတိုင်း ဖြည့်ဆည်းရောင်းချပေးပါတယ်။ ယခုအခါမှာ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သာမန်သစ်မာသစ်လုံးတန် ၃၃၀၀၀ အား လအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သစ်အခြေခံလုပ်ငန်းရှင်များသို့ သစ်ကုန်ကြမ်းဖြန့်ဖြူး ရောင်းချပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း တည်ထောင်ခွင့်ပြုထားရှိတဲ့ ပုဂ္ဂလိကပိုင်သစ်အခြေခံသစ်စက်များ၊ အချောထည်စက်များမှ သစ်ခွဲစိတ်ထုတ်လုပ်ရာမှာ အလေအလွင့်နည်းပါးစေရေး၊ ခွဲသားပိုမိုရရှိရေးအတွက် အရည်အသွေးမြင့်မားတဲ့ သစ်ခွဲသား၊ အချောထည်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်တဲ့အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ခွင့်ပြုထားတဲ့ သစ်အချောထည်စက်များ၊ စက်သေးလိုင်စင်များမှာ လွှာထိုးစက်နှင့် လွှဝိုင်းအသုံးမပြုသော အချောထည်စက်များ တိုးချဲ့တပ်ဆင်ခွင့်အားလည်း တိုင်းဒေသကြီး/ပြည်နယ်များမှာ လုပ်ထုံးလုပ်နည်းနဲ့အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

သို့ပါ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့မူဝါဒအရ နှစ်စဉ်သစ်ထုတ်လုပ်မှုလျှော့ချနေခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းကဏ္ဍများ မြှင့်တင်ရေးအတွက် သစ်လုံးကုန်ကြမ်းများဖြည့်ဆည်းပေးနေခြင်းနှင့် သစ်စက်များကို လျှော့ချဖျက်သိမ်းလျက်ရှိခြင်း၊ မြန်မာ့သစ်လုပ်ငန်းပိုင် သစ်အချောထည်စက်ရုံများ ထပ်မံတိုးချဲ့တည်ထောင်ရန် အစီအစဉ်မရှိသေးခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူသုံးသစ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်နဲ့ ကုန်ကြမ်းတွေကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် သစ်ကုန်ကြမ်းဖြန့်ဖြူးရောင်းချပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ရေရှည်ကုန်ကြမ်းရရှိစေရန်အတွက် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်လျက်ရှိခြင်းနှင့် တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ပုဂ္ဂလိကသစ်အချောထည်စက်များ

တည်ထောင်ခွင့်ပြုထားခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောများ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို လိုက်နာဆောင်ရွက်နေရခြင်းတို့ရှိတဲ့အတွက်ကြောင့်မို့လို့ ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့အဆိုကို မှတ်တမ်းတင်အနေနဲ့ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ရဲ့အဆိုကို ကနဦးအဆိုတင်သွင်းစဉ်က ထောက်ခံဆွေးနွေးပေးသွားတဲ့ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်လေးဦးကိုလည်းပဲ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ထို့အတူ ဒီနေ့ ကျွန်တော့်ရဲ့အဆိုကို ကျယ်ကျယ်ပြန့်ပြန့် အားတက်သရောဆွေးနွေးသွားကြတဲ့ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းတို့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အဆိုနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေ၊ ကြိုးပမ်းချက်တွေ၊ အနာဂတ်မျှော်မှန်းချက်တွေကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖော်ပြပေးသွားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ရဲ့အဆိုဟာ အပေါ်ယံ ကြည့်မယ်ဆိုရင်တော့ သစ်တောတွေကို ခုတ်ထွင်ဖို့၊ သဘာဝသစ်တောတွေကို မပြုန်းတီးစေဖို့ ရည်ရွယ်ပြီး တင်သွင်းတဲ့အဆိုမဟုတ်ပါဘူး။ အဘက်ဘက်ကနေ ကျွန်တော်ရဲ့ ကနဦးတင်သွင်းထားတဲ့ အဆိုမှာဖော်ပြတဲ့ ရည်ရွယ်ချက်ခြောက်ချက်အတိုင်း နိုင်ငံအတွက် အကျိုးရှိစေမယ့်အဆိုမျိုးဖြစ်တယ်လို့ ကျွန်တော်လက်ခံယုံကြည်ပါတယ်။

သို့ပါသော်လည်း အခု ကျွန်တော့်မဲဆန္ဒနယ် ကန်ပက်လက်မြို့နယ်နဲ့ပဲ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်မှာ ရင်ခွဲတောင်သစ်တောကြိုးဝိုင်း၊ ကြက်မောက်တောင်ခြေ သစ်တောကြိုးဝိုင်း၊ မောချောင်းသစ်တောကြိုးဝိုင်းတွေမှာ နှစ်စဉ်နှင့်အမျှ ၁၉၉၀ ခုနှစ်နောက်ပိုင်း သစ်ထုတ်ယူလာတာဆို အဖိုးတန်ကျွန်းသစ်နဲ့ သစ်မာတွေ ဒီနေ့အထိ တန်ချိန်ပေါင်းမြောက်မြားစွာ သစ်အလုံးလိုက်ထုတ်ယူသွားခဲ့ပြီးပါပြီ။ သို့ပါသော်လည်းပဲ ပဲခူးရိုးမမှာ ၁၀ နှစ်၊ ချင်းပြည်နယ်မှာ နှစ်နှစ် ဟိုအရင်သစ်ထုတ်လုပ်ခွင့်ကို ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ သို့ပေမဲ့လည်း အခု နှစ်နှစ်ပြည့်တဲ့ အချိန်မှာ ကျွန်တော်တို့ ကန်ပက်လက်မြို့နယ်မှာဆိုရင် ပြန်လည်ထုတ်ယူလာတာဟာ ဒီနေ့အထိ

ဖြစ်ပါတယ်။ မနှစ်ကအထိ တန်ချိန်ပေါင်း ၄၄၀၀၊ ဒီနှစ်မှာလည်းပဲ ကျွန်းပင်ထောင်တွေရိုက်ပြီး မြန်မာ့သစ်လုပ်ငန်းတွေက သစ်လုပ်ငန်းကဦးစီးပြီးတော့မှ ဒီနှစ်မှာလည်းပဲ သစ်ထုတ်နေတာကို တွေ့ရပါတယ်။ ဒီဟာတွေဟာလည်းပဲ အဘက်ဘက်ကနေ ကျွန်တော်တို့ ဒေသခံများအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့သော်လည်းကောင်း၊ ဒီဘဝနဲ့နိုင်ငံပိုင် အဖိုးတန်သစ်နဲ့ပတ်သက်တဲ့ အချောထည်တွေထုတ်ယူနိုင်ဖို့၊ နိုင်ငံ့ဝင်ငွေအခွင့်အလမ်းတွေရရှိနိုင်ဖို့ အဖက်ဖက်ကနေ ဒေသခံတိုင်းရင်းသားများအနေနဲ့ မျှော်လင့်ကြတာဖြစ်ပါတယ်။

သို့ပါသော်လည်း ဝန်ကြီးဌာနရဲ့ သဘောထားအရ မှတ်တမ်းတင်ပေးဖို့ ပြောကြားထားတာဖြစ်ပါတယ်။ တင်ပြထားတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း မှတ်တမ်းတင်ဖို့တင်ပြထားပေမဲ့လည်း ဒီအဆိုအနေနဲ့ စောင့်ကြည့်ဖို့လည်းလိုအပ်မှာဖြစ်ပါတယ်။ လက်တွေ့အဘက်ဘက်ကလည်း စောင့်ကြည့်ဖို့လိုအပ်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကြီးအနေနဲ့ ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးဖို့ ကျွန်တော်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ကို ရပ်နားပါမယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၆.၈.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Thar Oo



U Toe Thaung

pyithu.hluttaw.mm



U Thar Oo



Daw Aye Aye Myo

pyithu.hluttaw.mm



Dr Ye Myint Swe



U Aung Than Sein

pyithu.hluttaw.mm



Dr Ye Myint Swe



U Nay Htet Win

pyithu.hluttaw.mm



U Hla Kyaw



U Tin Ko Ko Oo

pyithu.hluttaw.mm



U Hla Kyaw



U Nyan Hein

pyithu.hluttaw.mm



U Hla Kyaw



U Thein Tan

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်